## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှလာသောလေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

ဓမ္မပဒ

# မြဝတီ နေ့စဉ်

မှန်ရမည်၊ မြန်ရမည် ပြည်သူ့အတွက် မြဝတီ

### ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၀၁)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်
၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၅ ရက်၊ ဗုဒ္ဓဟူးနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ၂၀၂၅ ခုနှစ်၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်

**နေပြည်တော် နိုဝင်ဘာ ၄**

ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ၂၀၂၅ ခုနှစ်၊ တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ရေပန်းရင်ပြင်တော်၌ စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့်ဇနီး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့်ဇနီးများ၊ **စာမျက်နှာ ၁၆ ကော်လံ ၁** ☆



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု အမရရွှေပြည်ရက်ကန်းစင်အသင်းအား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မသိုးရွှေကြာသင်္ကန်းဆက်ကပ်လှူဒါန်း** စာ-၅ သို့

**တန်ဆောင်မုန်းလပြည့်နေ့(သာမညဖလအခါတော်နေ့)တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိဘုရား၊ စေတီပုထိုးများ၌ အများပြည်သူများစိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညို၊ တန်ဆောင်တိုင်မီးထွန်းပွဲတော်များကျင်းပပြုလုပ်** စာ-၆ သို့

# အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၅ ရက်)

## မသိုးရွှေကြာသင်္ကန်းကပ်လှူပူဇော်ခြင်းမဟာမင်္ဂလာ

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ တန်ဆောင်တိုင်ပွဲတော်အခါသမယအဖြစ် တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို နိုဝင်ဘာလ ၂ ရက်မှ ၄ ရက်အထိ ကျင်းပလျက်ရှိရာ ပွဲတော်ကာလအတွင်း ရုပ်ပွားတော်မြတ်ကြီးရင်ပြင်တော်၌ ဝတ်ရွတ်အသင်းများကရွတ်ဖတ်ပူဇော်ခြင်း၊ ဆီမီး ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်ခြင်း၊ မီးရှူးမီးပန်းများပစ်လွှတ်ပူဇော်ခြင်း၊အလှညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ခြင်း၊ မသိုးရွှေကြာသင်္ကန်းရက်လုပ်ကပ်လှူပူဇော်ခြင်း၊ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း LED မီးများဖြင့် အလှဆင်ပူဇော်ခြင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းအရောင်းဆိုင်ခန်းများ၊ ဒေသထွက်မြန်မာ့ရိုးရာမုန့်ဆိုင်များ ခင်းကျင်းပြသရောင်းချခြင်းတို့နှင့်အတူ နိုင်ငံကျော်အနုပညာရှင်များကလည်း တေးဂီတနှင့် ဇာတ်သဘင်ဖျော်ဖြေပွဲများဖြင့် တင်ဆက်လျက်ရှိပြီး အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က နိုဝင်ဘာလ ၃ ရက် ညပိုင်းတွင် ၂၀၂၅ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပွဲဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့ဝင်က မင်္ဂလာရွှေမောင်းကိုတီးခတ်၍အချက်ပေးရာ ရက်ကန်းအဖွဲ့များ ရက်ကန်းစင်တော်များ၌ မသိုးရွှေကြာသင်္ကန်းတော်များကိုစတင်ရက်လုပ်ကြသည်။ ထိုသို့ ရက်ကန်းအဖွဲ့များက ရက်ကန်းစတင်ရက်လုပ်သည်နှင့်တစ်ပြိုင်နက် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယဉ်ကျေးမှုအဖွဲ့များနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက "မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင်" တေးသီချင်းဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေကြပြီး ယိမ်းအကအလှများ၊ အိုးစည်၊ ဒိုးပတ်များ၊ တေးသံသာများဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေကြသည်။ အခမ်းအနားတက်ရောက်လာကြသူများက မီးပုံးပျံငယ်များနှင့် မိုးပျံပူဖောင်းများကို ပျော်ရွှင်စွာတစ်ပြိုင်နက်လွှတ်တင်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးနှင့် ဧည့်ပရိသတ်များသည် ရက်ကန်းစင်တော် ၁၅ ခုမှ ရက်ကန်းအဖွဲ့များ၏ မသိုးရွှေကြာသင်္ကန်းရက်လုပ်နေမှုများကို ရက်ကန်းစင်တော်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားလှည့်လည်ကြည့်ရှုအားပေးပြီး ညမီးကြီးမီးပုံးပျံများနှင့် စိန်နားပန်မီးပုံးပျံများလွှတ်တင်မှုများကို မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသည့် ဘုရားဖူးလာရဟန်းရှင်လူပြည်သူများနှင့်အတူ ကြည့်ရှုအားပေးကြသည်။ ရက်ကန်းစင်တော်များမှာ ပြည်ထောင်စုနယ်မြေ နေပြည်တော်က "တော်ဝင်ရွှေပြည်"၊ ကချင်ပြည်နယ်က "မနောမြေ"၊ ကယားပြည်နယ်က "ကန္တရဝတီ"၊ ကရင်ပြည်နယ်က "ဖွဲ့ကပင်"၊ ချင်းပြည်နယ်က "တောင်ဇလပ်"၊ စစ်ကိုင်းတိုင်းဒေသကြီးက "ရွှေဇေယျာ"၊ တနင်္သာရီတိုင်းဒေသကြီးက "ရွှေဝယ်သီရိ"၊ ပဲခူးတိုင်းဒေသကြီးက "ရှင်စောပု"၊ မကွေးတိုင်းဒေသကြီးက "တော်ဝင်ရတနာ"၊ မန္တလေးတိုင်းဒေသကြီးက "အမရရွှေပြည်"၊ မွန်ပြည်နယ်က "ရာမည"၊ ရခိုင်ပြည်နယ်က "လေးရပ်ဝတီ"၊ ရန်ကုန်တိုင်းဒေသကြီးက "တော်ဝင်ဒဂုံ"၊ ရှမ်းပြည်နယ်က "သုဇာတာ" နှင့် ဧရာဝတီတိုင်းဒေသကြီးက "ရွှေပြည်ဧရာ" စသည်တို့ဖြစ်ကြသည်။

တန်ဆောင်မုန်းလပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်သူတော်စင်တို့အတွက် အထွတ်အမြတ်ထားရာနေ့ထူးနေ့မြတ်ဖြစ်သည်။ မြတ်စွာဘုရားရှင်အား မသိုးသင်္ကန်းကပ်လှူပူဇော်ခြင်းကို တန်ဆောင်မုန်းလပြည့်နေ့တွင် ဆောင်ရွက်ကြသည်။ မသိုးသင်္ကန်းနှင့်ပတ်သက်၍ မသိုးသင်္ကန်းရက်လုပ်ရာတွင် အစိတ်အပိုင်းအားဖြင့် အဆင့်ဆင့်ဆောင်ရွက်ကြရသည်။ ဆောင်ရွက်ပုံအဆင့်ဆင့်မှာ (၁၅)ပိုင်းမျှရှိကြောင်းသိရှိရသည်။ နေမထွက်ခင် သင်္ကန်းအဖြစ်သို့အောင်မြင်သွားပါမှ မသိုးမပုပ်သည့်အတွက် မသိုးသင်္ကန်းဟုခေါ်ဆိုနိုင်သည်။ နှစ်စဉ် တန်ဆောင်မုန်းလရောက်ရှိတိုင်း မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲများပြုလုပ်လေ့ရှိသည်။

တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့ညတွင် ဘုရားစေတီများ၌ မသိုးသင်္ကန်းရက်လုပ်ယှဉ်ပြိုင်ပွဲများကျင်းပပြီး တန်ဆောင်မုန်းလပြည့်အရုဏ်တက်ချိန်တွင် မြတ်စွာဘုရားရှင်အားကပ်လှူပူဇော်ကြသည်။ မသိုးသင်္ကန်းရက်လုပ်ကြသည့် ရက်ကန်းစင်တွင် အဖွဲ့သားများစုံညီစွာတက်ညီလက်ညီပါဝင်ဆင်နွှဲကြရသည်။ ဆုရရှိရေးအတွက် စုပေါင်းညီညာအောင်ကြောင်းဖြာဆိုသည့်အတိုင်း မြိုင်မြိုင်ဆိုင်ဆိုင်ညီညီညာညာရက်လုပ်ပြီး အားလုံးပြီးမြောက်မှသာ ရက်ကန်းစင်တော်အဖွဲ့သားများသက်ပြင်းချနိုင်ကြသည်။ အားပေးနေသောဆိုင်းသံ၊ ဗုံသံ၊ အိုးစည်၊ ဒိုးပတ်သံများက အားတက်ဖွယ်ကောင်းလှသည်။ အားပေးသူပရိသတ်ကလည်း တက်တက်ကြွကြွရှိကြသည်။ အရုဏ်တက်ချိန်တွင် သင်္ကန်းများရက်လုပ်ပြီး၍ ပြိုင်ပွဲပြီးဆုံးသောအခါ ဆုရသူများကို တန်ဆောင်တိုင်ညတွင်ဆုပေးကြသည်။ ယခုအခါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးထံ မသိုးရွှေကြာသင်္ကန်းကပ်လှူပူဇော်ခြင်းမှာ တတိယအကြိမ်မြောက်ကပ်လှူပူဇော်ခြင်းဖြစ်သည်။ မသိုးသင်္ကန်း ရက်လုပ်ဆက်ကပ်ပူဇော်လှူဒါန်းခြင်းမှာ ကုသိုလ်လည်းယူ ပျော်အတူဆိုသည့်အတိုင်း ဝမ်းမြောက်ကြည်နူးဖွယ်ဖြစ်ရသည်။ ထိုကုသိုလ်ကောင်းမှုကြောင့် မြန်မာနိုင်ငံတော်သည် ပိုမိုဖွံ့ဖြိုးတိုးတက်၍ ရဟန်းရှင်လူပြည်သူအပေါင်းတို့မှာလည်း စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပါစေကြောင်း ဆုတောင်းလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်

၃၃

ရက်

သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

## အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

❖ အနည်းဆုံးရက်ပေါင်း(၁၈၀)ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ရောက်ရှိနေပြီး မိမိ၏အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ(၃-က)ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

## ပင်လုံမြို့၌ အကြိမ်(၆၀)မြောက် မြို့လုံးကျွတ်စုပေါင်း မဟာဘုံကထိန်အလှူတော်မင်္ဂလာကျင်းပ

ပင်လုံ နိုဝင်ဘာ ၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံမြို့ မြို့မနောင်ကွတ်ကျောင်း ပရိယတ္တိစာသင်တိုက်၌ အကြိမ်(၆၀)မြောက် မြို့လုံးကျွတ်စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနားကို နိုဝင်ဘာလ ၃ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကိုစတင်ဖွင့်လှစ်ပြီး မြို့မနောင်ကွတ်ကျောင်းပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တပညာဗလထံမှ ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြကာ ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်များကိုနာယူကြသည်။

ဆက်လက်၍ ပင်လုံမြို့အုပ်ချုပ်ရေးမှူး ဦးရန်ပိုင်ဖြိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များက ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများအား အသီးသီးလှူဒါန်းကြသည်။

ထို့နောက် မြို့မနောင်ကွတ်ကျောင်းပရိယတ္တိစာသင်တိုက်ဆရာတော်ဟောကြားသည့် ကထိန်လျာသင်္ကန်း လှူဒါန်းရခြင်းအကျိုးတရားကို ဧည့်ပရိသတ်များကနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြောင်း သိရသည်။ (၄၁၄)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၅-၁၁-၂၀၂၅(ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၀၀ | Market News |
| ၂။ | ၁၁:၅၀ | နှယ်မြက်သစ်ပင်ဆေးဖက်ဝင် |
| ၃။ | ၁၃:၀၀ | ပြည်သူ့ကြားက ပြည်သူ့စကား |
| ၄။ | ၁၄:၅၀ | ဖတ်သမျှ မှတ်သမျှ |
| ၅။ | ၁၅:၃၅ | Happy Zone |
| ၆။ | ၂၁:၄၀ | ချောက်ချောက်ချားချားဖြစ်ရပ်များ |


မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချီရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချီရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့၌ မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းပွဲများ ကျင်းပပြုလုပ်

နေပြည်တော် နိုဝင်ဘာ ၄

ကချင်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)နှင့် မြစ်ကြီးနားမြို့နယ်ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)တို့မှ ဦးစီးကျင်းပသော (ပထမအကြိမ်) မသိုးသင်္ကန်းရက်ကန်းခတ်ပြိုင်ပွဲ(ပထမနေ့)ကို ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ အောင်ဇေရန်အောင်တပ်ဦးကျောင်းတိုက်၊ စေတီတော်ရင်ပြင်၌ နိုဝင်ဘာလ ၃ ရက်နေ့ ညနေပိုင်းတွင် ပြုလုပ်ရာ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဒေသခံပြည်သူများ တက်ရောက်အားပေးကြသည်။

ကချင်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)နာယက မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်နေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ယနေ့နံနက်ပိုင်းတွင် မသိုးသင်္ကန်း ရက်ကန်းခတ်ပြိုင်ပွဲ (ဒုတိယနေ့)ကို အောင်ဇေရန်အောင်တပ်ဦးကျောင်းတိုက်၌ ဆက်လက်ပြုလုပ်ရာ တိုင်းမှူးက မသိုးသင်္ကန်း ရက်ကန်းခတ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့်သင်္ကန်းအား ဗုဒ္ဓမြတ်စွာဘုရားရှင်ထံ ဆက်ကပ်လှူဒါန်းခဲ့သည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်ဆရာတော်



စူဠာမုနိလောကချမ်းသာစေတီတော်အတွင်းရှိ ရုပ်ပွားတော်မြတ်အား မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေတုမာလာထံမှ ကိုးပါးသီလတရားတော်ကို ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းသည်။

ယင်းနောက်တိုင်းမှူးနှင့်တာဝန်ရှိသူများက ပြိုင်ပွဲဝင်ဆုရအသင်းအသီးသီးတို့အား ဆုများချီးမြှင့်ပေးအပ်ကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်။

အလားတူ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ တန်ဆောင်တိုင်ပွဲတော်တွင် မသိုးသင်္ကန်းရက်လုပ်ဆက်ကပ်လှူဒါန်းပွဲကို တောင်ကြီးမြို့၊ စူဠာမုနိလောကချမ်းသာစေတီတော်ဘုရားရင်ပြင်တော်တွင် နိုဝင်ဘာလ ၃ ရက် ညနေပိုင်းက ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကာ ဓမ္မမိန္ဒာစင်တော်၊ ဂေါတမီစင်တော်၊ သုဇာတာစင်တော်၊ သာမာဝတီစင်တော်၊ ဥပ္ပလဝဏ်စင်တော်တို့တွင် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းမှ ကျောင်းသား/ကျောင်းသူလေးများက မသိုးသင်္ကန်းရက်လုပ်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များက ရှမ်းစာပေယဉ်ကျေးမှုအဖွဲ့မှကိန္နရီ/ကိန္နရာ တိုးနရားအကများဖြင့် ကပြဖျော်ဖြေနေမှုများကို ကြည့်ရှုအားပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြသည်။

ယင်းနောက် ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့၊ စူဠာမုနိလောကချမ်းသာစေတီတော်၌ စူဠာမုနိလောကချမ်းသာ ရုပ်ပွားတော်မြတ်အား မသိုးသင်္ကန်းလှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ်



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများက မသိုးသင်္ကန်းရက်ကန်းခတ်ပြိုင်ပွဲအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက မသိုးသင်္ကန်းများကို စူဠာမုနိဘုရားအား လက်ယာရစ်လှည့်လည်ပူဇော်ပြီး စေတီအတွင်းရှိ ရုပ်ပွားတော်(၄)ဆူအား မသိုးသင်္ကန်း ဆက်ကပ်လှူဒါန်းပေးကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓါဘိသေကအနေကဇာတင်ပေးကြပြီး အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပေးခဲ့ကြကာ နိုင်ငံတော်ဩဝါဒါစရိယ တောင်ကြီးမြို့၊ စွန်းလွန်းဂူ ကမ္မဋ္ဌာန်းကျောင်းတိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ မဟာကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တအဂ္ဂဓမ္မာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များပွားများအပ်သော မေတ္တသုတ်၊ ပရိတ်တရားတော်မြတ်ကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များအား ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပေးကြပြီး တောင်ကြီးမြို့၊ သိမ်တောင်ပရိယတ္တိစာသင်တိုက်ပဓာနနာယက ပြည်နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တတေဇဝန္တထံမှ ကထိန်အနုမောဒနာတရားတော်မြတ်နာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်းကြပြီး ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# စစ်တွေမြို့နှင့် မုံရွာမြို့တို့၌ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲများပြုလုပ်

နေပြည်တော် နိုဝင်ဘာ ၄

ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော တန်ဆောင်တိုင်ပွဲတော်သံဃာအပါး ၅၀၀ တို့အား မြို့လုံးကျွတ်ဆွမ်းတော်ကြီးလောင်းလှူပွဲကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့၊ အတုလမာရဇိန်ပြည်လုံးချမ်းသာဘုရားကြီးရှေ့ဝင်္ကပါကွင်း၌ ကျင်းပပြုလုပ်သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦးနှင့် တာဝန်ရှိသူများက အလှူမဏ္ဍပ်များအလိုက် ဆက်ကပ်လောင်းလှူမည့် လှူဖွယ်ပစ္စည်းများ ပြင်ဆင်ထားရှိမှုများကို လှည့်လည်ကြည့်ရှုကြပြီး အလှူရှင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် စစ်တွေမြို့၊ ကြွဖြူကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တတေဇဝန္တအမှူးပြုသော သံဃာတော်အပါး ၅၀၀ တို့က အတုလမာရဇိန်ပြည်လုံးချမ်းသာဘုရားကြီးရှေ့ ဝင်္ကပါကွင်းတစ်ပတ်



သံဃာတော်များအား အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦး ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူစဉ်။



သံဃာတော်များအား အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေး ဆွမ်းဆန်စိမ်းလောင်းလှူစဉ်။

ဆွမ်းခံကြွရောက်တော်မူကြရာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများက ဆွမ်း၊ ဆွမ်းဟင်း၊ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ၊ နဝကမ္မအလှူငွေများကိုလည်းကောင်း၊ သာသနာနွယ်ဝင်သီလရှင်များအား ဆွမ်းဆန်တော်နှင့်အလှူငွေများကိုလည်းကောင်း ဆက်ကပ်လောင်းလှူခဲ့ကြသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ အောင်ချမ်းသာရပ်ကွက်၊ ရာပြည့်ကပ်ကျော် မင်္ဂလာစေတီတော်ကြီး၌ စတုတ္ထအကြိမ် သံဃာအပါး ၁၀၀၀ တို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့နံနက်ပိုင်းတွင်ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေးနှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အလှူရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြပြီး သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဆွမ်းဆန်စိမ်းလောင်းလှူနေမှုများအား လိုက်လံကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

နိုင်ငံရေးသမားတို့၏အမြင်အရ ပွစိပွစိလုပ်သောဂိုဏ်းကို ဖြစ်နိုင်သောနည်းဖြင့်ဖြုတ်ချရမည်ဖြစ်ရာ ခရုရှော့သည်လည်း စတာလင်ဂိုဏ်းကို (တတ်နိုင်လျှင်) သွေးထွက်သံယိုမပါရှိသောနည်းဖြင့် ဖြုတ်ချင်ပေလိမ့်မည်။ စတာလင်၏အလောင်းကို တူးဖော်ပြောင်းရွှေ့လိုက်ခြင်း၊ ကြေးရုပ်ကို ဖျောက်ဖျက်လိုက်ခြင်းတည်းဟူသောအလုပ်သည် စတာလင်ဂိုဏ်းကို အမြစ်မှကိုင်၍လှုပ်လိုက်ခြင်းဖြစ်ရမည်။ "ခွန်အားရှိလျှင် ထကြစမ်း၊ အားမရှိလျှင် ပြုတ်ကြစမ်း။ ပွစိ ပွစိတော့လုပ်မနေကြနဲ့" ဟု ချဲလင့်ချ်လုပ်လိုက်ခြင်းပင်ဖြစ်ရမည်။ ကျွန်ုပ်သည် ခရုရှော့၏အပြုအမူနည်းလမ်းမှန်သည်ဟု ထောက်ခံခြင်းမဟုတ်၊ အပြစ်တင်ခြင်းလည်းမဟုတ်။ တချို့လူများတွေးဆကြသည့်အကြောင်းပြချက် မမှန်ခြင်းကို တင်ပြခြင်းမျှသာဖြစ်သည်။ ခရုရှော့၏အလုပ် မှန် မမှန်ကိုမူ ရာဇဝင်ကသာ ဆုံးဖြတ်ပေလိမ့်မည်။

## နိုင်ငံရေးထုံးစံလော

တချို့လူများက ခရုရှော့ကိုယ်တိုင် ဤကဲ့သို့မပြော။ စတာလင်၏အပြစ်များကိုသာ ဖော်ထုတ်စွပ်စွဲပါတကားဟု စောဒကတက်ကောင်းတက်ကြပေလိမ့်မည်။ ခရုရှော့၏ရည်ရွယ်ချက်မှာ စတာလင်လမ်းစဉ်နှင့် စတာလင်ဂိုဏ်းကို ဖြိုဖျက်ရန်ဖြစ်သောကြောင့် စတာလင်၏ကိုယ်ကျင့်တရားနှင့်ပတ်သက်၍ အပြစ်အနာအဆာများ ရှာဖွေဖော်ထုတ်ကြေညာရန်မှာ သူ၏အလုပ်ဖြစ်နေ၏။ သို့ရာတွင် ဤသို့ပြုလုပ်ခြင်း၌ ခရုရှော့သည် စတာလင်ကိုမုန်းတီးသောကြောင့်ဟု ကျွန်ုပ်မယုံကြည်။ (မချစ်ချင်တော့နေနိုင်သည်။) စတာလင်ကို လူတွေကကြည်ညိုလေးစားမှုပျက်သွားပါမှ စတာလင်၏လမ်းစဉ်နှင့် စတာလင်၏ဂိုဏ်းပါ နာမည်ညှိုးနွမ်းသွားလိမ့်မည်ဟု တွက်ကိန်းရသောကြောင့် ဖြစ်ရပေမည်။ ကျွန်ုပ်၏တွက်ကိန်းတစ်ခုမှာကား အကယ်၍ စတာလင်၏လမ်းစဉ်ကိုသဘောကျသည့် စတာလင်ဂိုဏ်းသားများ မကျန်ရစ်ခဲ့ပါမူ ခရုရှော့သည် စတာလင်၏အလောင်းကို လီနင်၏သင်္ချိုင်းအဆောက်အအုံထဲမှ ထုတ်ယူပြောင်းရွှေ့လိမ့်မည်မထင်ပေ။ တခြားတွေးလုံးတစ်ခုမှာ ခရုရှော့သည် စတာလင်၏အလောင်းကို ရွှေ့ပြောင်းရာ၌ သူ့သဘောတစ်ခုတည်းမဟုတ်နိုင်။ ပါတီ၏အဆုံးအဖြတ်ယူပေမည်။ ကွန်မြူနစ်ပါတီထဲတွင်လည်း စတာလင်ကိုအားလုံးက မုန်းသည်မဟုတ်နိုင်။ အလောင်းကိုရွှေ့ပြောင်းခြင်းအတွက် ဝမ်းနည်းသူများလည်းရှိရမည်ဖြစ်ရာ မိမိတို့၏ပါတီတည်တံ့ခိုင်မြဲရေးအတွက် လိုအပ်သည် ထင်သောကြောင့် လုပ်ကြရခြင်းဖြစ်ပေလိမ့်မည်။ ခရုရှော့သည်လည်းကောင်း၊ တချို့ပါတီဝင်များသည်လည်းကောင်း သူတို့တည်မြဲရေးအတွက်ဆိုလျှင် ဘာမဆိုလုပ်ကြမည့်လူစုဖြစ်ပုံရသည်။ (တခြားနိုင်ငံရေးသမားများလည်း ဤအတိုင်းပင်ရှိကြမည်လောမပြောတတ်။ နိုင်ငံရေးဆိုလျှင် ဤအတိုင်းပင် ဖြစ်ရလေသလောလည်း မပြောတတ်ပါ။) ခရုရှော့ကိုယ်၌က ဖွင့်မပြောခြင်းမှာမူ အထူးရှင်းလင်းရန်လိုတော့သည်မထင်ပေ။

## ဩဒိဿ အလှူကြီး

မော်စကိုမှပြန်ခါနီးတွင် ကျွန်ုပ်သည် တရုတ်စားစရာများ ရနိုင်သည့်

**"မော်စကိုမှပြန်ခါနီးတွင် ကျွန်ုပ်သည် တရုတ်စားစရာများရနိုင်သည့် ပီကင်းဟိုတယ်ဟူ၍ မော်စကိုမြို့တွင်း၌ရှိကြောင်း သိရသည်။ ရုရှားစားစရာမျိုးငြီးငွေ့ပြီး တရုတ်စားစရာများ စားချင်စိတ်ပေါ်လျက်ရှိသည်မှာအတန်ကြာပေပြီ။ ပြန်ခါနီး၌ ကျွန်ုပ်သည် ရုရှားသတင်းစာတစ်စောင်၏ တိုက်တွန်းချက်အရ ဆောင်းပါးတစ်ပုဒ်ရေးပေးရာ ရူဘဲလ်နှစ်ဆယ်(ကျပ်တစ်ရာကျော်ရရှိ၏။). . ."**

ပီကင်းဟိုတယ်ဟူ၍ မော်စကိုမြို့တွင်း၌ရှိကြောင်း သိရသည်။ ရုရှားစားစရာမျိုးငြီးငွေ့ပြီး တရုတ်စားစရာများ စားချင်စိတ်ပေါ်လျက်ရှိသည်မှာအတန်ကြာပေပြီ။ ပြန်ခါနီး၌ ကျွန်ုပ်သည် ရုရှားသတင်းစာတစ်စောင်၏တိုက်တွန်းချက်အရ ဆောင်းပါးတစ်ပုဒ်ရေးပေးရာ ရူဘဲလ်နှစ်ဆယ် (ကျပ်တစ်ရာကျော် ရရှိ၏။) ဤတွင် ကျွန်ုပ်သည် အတော်ကြီးခင်မင်ရင်းနှီးလျက်ရှိသည့် ရုရှားရဲဘော်သုံးယောက်တို့ကို ပီကင်းဟိုတယ်၌ ဒင်းနားပါတီလေးကျွေးလိုသော အကြံဖြစ်ပေါ်လာ၍ "ဖဲယားဝဲလ်ဒင်းနား" (နှုတ်ဆက်ပွဲညစာ)ကျွေးခဲ့ပါသည်။ ကျွန်ုပ်အား ထမင်းနှစ်နပ်စီကျွေးဖူးသည့် မောင်တင်ဟုတ်နှင့်မောင်ကြင်ဝေတို့ စုံတွဲကိုလည်း ဖိတ်ချင်သေး၏။ သို့ရာတွင် ခရီးကွာဝေးလှသောကြောင့် စားရသည့်အစာနှင့်တက္ကစီခ မကာမိအောင်ရှိလိမ့်မည်ဟု စဉ်းစားမိသည်နှင့် မဖိတ်ဘဲ နေမိသည်။ (ဤအတွက် ကျွန်ုပ် နောင်တရမိသည်။) ကျွန်ုပ်တို့လေးယောက်သည် ပီကင်းဟိုတယ်သို့ ည ခုနစ်နာရီခန့်တွင် ရောက်သွားသောအခါ အတော်ကျယ်ဝန်းသည့် စားပွဲခန်းမကြီးမှာ ပြည့်ကျပ်လျက်ရှိလေပြီ။ ရဲဘော်များက နေရာရအောင် ကြိုးစားကြသော်လည်း အချည်းနှီးဖြစ်နေ၏။ နောက်ဆုံး၌ညီသည် မန်နေဂျာကို ကိုယ်တိုင်သွားတွေ့ရာ မန်နေဂျာလိုက်လာ၍ ကျွန်ုပ်ကိုမြင်သည်မှ ဟိုတယ်အလုပ်သမားများအား စားပွဲများကို ဟိုပြောင်းသည်ရွှေ့ပြုလုပ်စေကာ ကျွန်ုပ်တို့လေးယောက်အတွက် နေရာမရရအောင် စီမံပေးကြလေသည်။ (ဤသည်လည်း ဘိခ္ခု၏မျက်နှာပင်ဖြစ်သည်။) ရဲဘော်များသည် တရုတ်စားစရာများအကြောင်း ဘာမျှမသိကြသဖြင့် 'မီနူး'စာရင်းကို ကျွန်ုပ်ပင် ရွေးချယ်ရသည်။ ကျွန်ုပ်မှာလည်း တရုတ်စားစရာများကို အင်္ဂလိပ်အခေါ်နှင့်ရေးထားသဖြင့် မရွေးတတ်ဘဲဖြစ်နေ၏။ သို့ရာတွင် ကျွန်ုပ်သည် မသိသူအချင်းချင်းအပေါ်တွင် လူလည်လုပ်လိုက်ဦးမည်ဟု အောက်မေ့ကာ မသိခြင်းကိုဖွင့်၍မပြောဘဲ ပီကင်းဘဲတစ်ပွဲမှတစ်ပါး တွေ့ကရာစားစရာများကို ထင်ခြေနှင့်ရမ်းသန်းပြီး ရွေးလိုက်၏။ ရောက်လာသောအခါ၌ ပီကင်းဘဲအပြင် ကြက်သားချိုချဉ်၊ ၁၂ မျိုးကြော်၊ ဝက်သားစဉ်းကောလုံး၊ တောက်တောက်ကြော်တို့ကို မြင်ရ၍ တော်ပါသေး၏။ အမှန်ကိုဝန်ခံရလျှင် ကျွန်ုပ်သည် ဤစားစရာများကို အင်္ဂလိပ်လိုလုံးဝမခေါ်တတ်။ ဘယ်နည်းမဆိုစား၍ ဖြစ်ရမည်ဟူသော အားကိုးတစ်ခုဖြင့်မှာယူလိုက်ခြင်းဖြစ်ပါသည်။ ရဲဘော်များသည်လည်း ဤစားစရာမျိုးကို တစ်ခါမျှမစားဖူးကြဟုဆိုကာ အလွန်မြိန်ရှက်စွာစားကြသောက်ကြပါပေသည်။ (ကျွန်ုပ်ကို ပြန်၍"လိမ့်"ကြလေသလားမပြောတတ်ပေ။) စားစရာများ၏ အဖိုးနှုန်းမှာ မီနူးတွင် တစ်ခါတည်းရေးသားသဖြင့် ကျွန်ုပ်သိနိုင်ပါ၏။ သို့သော် ရှန်ပိန်၊ ဂျော်ဂျီယာဝိုင်၊ ဗို့ဒ်ကာ၊ စကော့ချ်ဝီစကီ စသည့်သောက်စရာတို့၏ အဖိုးနှုန်းကိုမူ ကျွန်ုပ်ဘာမျှမသိဘဲ ရမ်းပြီးမှာရခြင်းဖြစ်၏။ (စကော့ချ်ဝီစကီမှာ ကျွန်ုပ်၏တိုက်တွန်းချက်ဖြစ်၏။ သူ့တို့များမှာ ဗို့ဒ်ကာမှတစ်ပါး သောက်ရခဲလှသည်။) ပထမ၌ ကျွန်ုပ်သည် ဆောင်းပါးအတွက်ရသည့် ရူဘဲလ် ၂၀ နှင့်လုံလောက်မည်ဟုခန့်မှန်းသော်လည်း စေတနာသဒ္ဓါတရားထက်သန်လာသည့် အလှူရှင်တစ်ယောက်ဖြစ်လာသည်နှင့် အိတ်ထဲ၌ အင်္ဂလိပ်ပေါင်တွေရှိသေးသည်ဆိုကာ ရဲဘော်များက တောင်းပန်ယူရအောင် ရက်ရက်ရောရော ဖောဖောသီသီမှာယူလျက်ရှိပါတော့သည်။ ထိုည၌ ကျွန်ုပ်တို့အားလုံးအတွက် ပြောရမည်ဆိုလျှင် (လူအားလုံးအသက် ၅၀ ကျော်တွေချည်းဖြစ်သည်) တစ်ဦးတစ်ယောက်မျှ ဣန္ဒြေမပျက်၊ ခင်မင်ရင်းနှီးစေသည်ထက် ရင်းနှီးစေသော စကားမျိုးကိုသာ ပြောကြပါပေသည်။ "ဘိခ္ခုတစ်ယောက်က ဆိုဗီယက်ယူနီယံသို့ လာပြီးကျွေးသည့် ဒင်းနားပါတီသို့ ဤတစ်ကြိမ်သာ ရောက်ဖူးသည်" ဟု ညီကပြောပါသေးသည်။ စာရင်းရှင်းသောအခါ ရူဘဲလ် ၂၀ ပင် မကုန်တစ်ရူဘဲလ်နှင့် ကိုပက် ၅၀ ပိုပါသေးသည်။

## ကမ္ဘာ့ရေးရာ ဆွေးနွေးခန်း

ကျွန်ုပ် မော်စကိုမှ ပြန်မည့်နေ့ (မတ်လ ၂၇ ရက်)၌ မောင်တင်ဟုတ်တို့ဇနီးမောင်နှံနှင့် မောင်ကြင်ဝေတို့သည် ဝါဆောဟိုတယ်သို့ လက်ဆောင်လေးများဖြင့် လာရောက်ကန်တော့ကြ၏။ သူတို့သည် ...

"မော်စကိုမြို့တွင် မြန်မာများကိုမြင်ရ၍ မြန်မာလိုပြောရခြင်းအတွက် ဝမ်းမြောက်ကြည်နူးလှပါသည်" ဟု ပြောကြသည်။ ထို့ပြင် ရုရှားရဲဘော် သုံး၊ လေးယောက်တို့လည်း လာရောက်နှုတ်ဆက်ကြသည်။ ထိုသူတို့သည် ကျွန်ုပ်အပေါ်တွင် ခင်မင်လေးစားမှုရှိကြခြင်းကား ယုံမှားဖွယ်မရှိပါ။ အာရှအာဖရိက ချစ်ကြည်မှုခိုင်မြဲရေးအဖွဲ့မှလည်း လူကြီးနှစ်ယောက်လာကြသည်။ ညီမှာမူ ထိုနေ့နံနက်ခင်းမှ ည၉နာရီပြန်နှစ်ချက်တိုင်အောင် ကျွန်ုပ်နှင့်မခွဲခွာတော့ဘဲ ဝါဒရေးရာနှင့် ကမ္ဘာ့ရေးရာများကို ခုတင်တစ်လုံးစီတွင်ပက်လက်လှန်ကာ၊ ဝိုင်သောက်ကာဖြင့် (သူက ဝိုင်နှစ်လုံးယူလာခဲ့သည်။) ဆွေးနွေးကြလေရာ ကျွန်ုပ်တို့၏ဆွေးနွေးခန်းကို စာဖတ်သူတို့အဖို့ ဗဟုသုတအလို့ငှာ ဖော်ပြလိုက်ပါဦးမည်။

**ဆက်လက်ဖော်ပြပါမည်။**

# နန်းယွန်းမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုဆိုင်ကယ်ပြုပြင်နည်းသင်တန်းဖွင့်လှစ်



နန်းယွန်း နိုဝင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးခန်းမ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြုပြင်နည်းသင်တန်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၃ ရက်က ကျင်းပသည်။

ရှေးဦးစွာ နန်းယွန်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအာကာတင်ဦးက သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် နန်းယွန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခေါင်းပေါ့က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြုပြင်နည်းသင်တန်းကို နန်းယွန်းမြို့နယ် ဟာဝါးကျေးရွာ၌ နိုဝင်ဘာလ ၃ ရက်မှ ၃၀ ရက်အထိ သင်တန်းသား ၂၀ ဦးတို့အား စာတွေ့လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိကြောင်း၊ ယင်းသင်တန်းတွင် ထူးချွန်ဆုရရှိသည့် သင်တန်းသားများအား သင်တန်းဆင်းပွဲနေ့တွင် ဂုဏ်ပြုဆုများချီးမြှင့်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအာကာတင်ဦး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ သင်တန်းနည်းပြနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မသိုးရွှေကြာသင်္ကန်းဆက်ကပ်လှူဒါန်း





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြုရက်ကန်းအဖွဲ့(၁၅)ဖွဲ့မှ ရက်လုပ်စပ်ချုပ်သီလွှမ်းထားသည့် မသိုးရွှေကြာသင်္ကန်းတော် ၁၅ ထည်ကို ဆက်ကပ်လှူဒါန်းစဉ်။





သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ တာဝန်ရှိပုဂ္ဂိုလ်များက မသိုးရွှေကြာသင်္ကန်းတော် ၁၅ ထည်ကို ဒေဝါဝင်း၊ ရာဇာဝင်းများခြံရံ၍ ရေပန်းရင်ပြင်တော်မှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးရင်ပြင်တော်သို့ပင့်ဆောင်ကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ကာ ဆက်ကပ်ပူဇော်မည့်နေရာသို့ပင့်ဆောင်ကြစဉ်။

**နေပြည်တော် နိုဝင်ဘာ ၄**

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ၂၀၂၅ ခုနှစ်၊ တန်ဆောင်တိုင်ပွဲတော် မသိုးရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် မင်္ဂလာအချိန်တွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ မသိုးရွှေကြာသင်္ကန်းဆက်ကပ်လှူဒါန်းသည်။

အဆိုပါ မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့်ဇနီး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်တာဝန်ရှိသူများ၊ ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆိုဘုရားရှိခိုး၍ ဖွင့်လှစ်ကြပြီး "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" အစချီသည့် အရိယာသာဝိတ္ထိ ဂါထာတော်ကို သံပြိုင်ညီညာ သုံးကြိမ်ရွတ်ဆိုပူဇော်ကြသည်။ ထို့နောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ တာဝန်ရှိပုဂ္ဂိုလ်များက မသိုးရွှေကြာသင်္ကန်းတော် ၁၅ ထည်ကို ဒေဝါဝင်း၊ ရာဇာဝင်းများ ခြံရံ၍ ရေပန်းရင်ပြင်တော်မှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးရင်ပြင်တော်သို့ ပင့်ဆောင်ကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ကာ ဆက်ကပ်ပူဇော်မည့်နေရာသို့ ပင့်ဆောင်ကြသည်။ ထိုသို့ပင့်ဆောင်နေချိန်၌ ဝတ်အသင်းအဖွဲ့များက ဘုရားဂုဏ်တော် ကိုးပါးပါဠိကို ရွတ်ဆိုပူဇော်ကြသည်။

ယင်းနောက် မသိုးရွှေကြာသင်္ကန်းတော် ၁၅ ထည်ကို လေးခေါက်ခေါက်ခြင်း၊ ထပ်၍ စုစည်းခြင်းများကို ဆောင်ရွက်ကြပြီး ရွှေကြာကလပ်တော်ပေါ်သို့ ပင့်ဆောင်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ သစ်သီးပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးများကပ်လှူပူဇော်ပြီး နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ် ကိုယ်စားပြုရက်ကန်းအဖွဲ့(၁၅)ဖွဲ့မှ ရက်လုပ်စပ်ချုပ်သီလွှမ်းထားသည့် မသိုးရွှေကြာသင်္ကန်းတော် ၁၅ ထည်ကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် မသိုးရွှေကြာသင်္ကန်းတော်များအား ဥပါသကာများက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ လက်တော်ပေါ်သို့ ဆက်လက်ဆက်ကပ်ပူဇော်သည်။

ထိုသို့ ဆက်ကပ်ပူဇော်နေချိန်တွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး ဦးဆောင်သော ဘုရားဒါယကာ၊ ဒါယိကာမများက ဘုရားဂုဏ်တော်၊ ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိ၊ ပရိတ်၊ မေတ္တာပို့လင်္ကာများကို ရွတ်ဆိုပွားများပူဇော်ကြသည်။

ယင်းနောက် သမ္မာဒေဝနတ်ကောင်းနတ်မြတ်များနှင့် သုံးဆယ့်တစ်ဘုံသားတို့အား မေတ္တာပို့၍ကုသိုလ်အမျှပေးဝေကြကာ အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ဗုဒ္ဓဘာသာမြန်မာလူမျိုးများ၏ ထုံးတမ်းစဉ်လာတွင်မသိုးသင်္ကန်းရက်လုပ်ဆက်ကပ်လှူဒါန်းခြင်းများကို တန်ဆောင်မုန်းလအခါသမယတွင် ကျင်းပပြုလုပ်လေ့ရှိပြီး လပြည့်နေ့မတိုင်မီ အဖိတ်နေ့ညနေပိုင်းတွင် သင်္ကန်းတော်များကို စတင်ရက်လုပ်၍ လပြည့်နေ့ အရုဏ်မတက်မီအချိန်အပြီးချုပ်လုပ်ကာ မြတ်စွာဘုရားရှင်အားရည်မှန်း၍ ကပ်လှူပူဇော်ကြခြင်းဖြစ်ကြောင်း၊ မသိုးသင်္ကန်းရက်လုပ်ဆက်ကပ်လှူဒါန်းခြင်းများကို နှစ်စဉ် နိုင်ငံအဝန်း အမြို့မြို့ အနယ်နယ်၌ စည်ကားသိုက်မြိုက်စွာကျင်းပလေ့ရှိကြပြီး ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌လည်း နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး ဦးဆောင်သော ခုနစ်ရက်သားသမီးများက မသိုးရွှေကြာသင်္ကန်းတော်ကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ကြခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# တန်ဆောင်မုန်းလပြည့်နေ့(သာမညဖလအခါတော်နေ့)တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာဖူးမြော်ကြည်ညို၊ တန်ဆောင်တိုင်မီးထွန်းပွဲတော်များကျင်းပပြုလုပ်

နေပြည်တော် နိုဝင်ဘာ ၄

ယနေ့သည်ဗုဒ္ဓဘာသာဝင်တို့၏နေ့ထူးနေ့မြတ်များအနက် တစ်ရက်ဖြစ်သည့် တန်ဆောင်မုန်းလပြည့် သာမညဖလအခါတော်နေ့ဖြစ်သည်နှင့်အညီ တန်ဆောင်တိုင်ပွဲတော်၊ မီးထွန်းပွဲတော်တို့ကို မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကောင်းတစ်ရပ်အဖြစ် လက်ဆင့်ကမ်းထိန်းသိမ်းပြီး နှစ်စဉ်ကျင်းပပြုလုပ်ကြသည်။

အဆိုပါနေ့ထူးနေ့မြတ်တွင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဥပုသ်သီလဆောက်တည်ခြင်း၊ ပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၌ ကထိန်လျာသင်္ကန်းကပ်လှူ၍ ကထိန်အလှူတော်မင်္ဂလာဆင်ယင်ခြင်း၊ ဒါနသီလဘာဝနာကုသိုလ်ယူ ဆည်းပူးပွားများခြင်း စသည့်သူတော်ကောင်းတရားများကို ကြိုးစားအားထုတ်ဆောင်ရွက်ကြပြီး ဘုရား၊ စေတီ၊ ပုထိုးများ၌လည်း စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုခြင်းများကို ပြုလုပ်ကြသည်။

ထိုသို့ မြန်မာ့ယဉ်ကျေးမှုပွဲတော်ကို ထိန်းသိမ်းဆင်နွှဲလျက်ရှိကြရာ နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်အတွင်းရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင်လည်း ယနေ့ညပိုင်းတွင် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ ဇနီးဒေါ်ကြူကြူလှ၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အဖွဲ့ဝင်အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့်ဇနီး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင် ညိုနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ)ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့်ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ

စာမျက်နှာ ၇ သို့ ➢



နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်အတွင်းရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဆီမီးထွန်းညှိပူဇော်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E.Mr. Andrey Aleksandrovich Travnikov အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E.Mr. Andrey Aleksandrovich Travnikov တို့လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြစဉ်။

**⇨ ကျောဖုံးမှအဆက်**

တာဝန်ရှိသူများတက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး Mr. Iskander Azizov နှင့် နိုဗိုစီဗစ်ဒေသအစိုးရအဖွဲ့အကြီးအကဲများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုဗိုစီဗစ်ဒေသတို့အကြား ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများ၊ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးနှင့် အစိုးရအဖွဲ့ဝင်များအနေဖြင့် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း မြန်မာနိုင်ငံ၏ သာယာလှပမှု၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာမြင့်မားပြီး ခမ်းနားထည်ဝါမှုတို့ကို လေ့လာတွေ့ရှိခဲ့ရသည့်အပြင် မြန်မာနိုင်ငံအစိုးရအဖွဲ့ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမှုများကိုလည်း ဆောင်ရွက်နိုင်ခဲ့သည့်အခြေအနေများ၊ နိုဗိုစီဗစ်ဒေသသို့ပြန်လည်ရောက်ရှိပါက မြန်မာနိုင်ငံ၏ သာယာလှပမှု၊ ခမ်းနားထည်ဝါမှုများကို နိုဗာစီဗစ်ဒေသမှတစ်ဆင့် ရုရှားနိုင်ငံသူ၊ နိုင်ငံသားများသိရှိနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ နှစ်ဖက်ဆွေးနွေးမှုရလဒ်များကိုလည်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်အနေဖြင့်လည်း မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံအကြား၊ နိုဗိုစီဗစ်ဒေသတို့အကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေး လမ်းညွှန်မှာကြားထားရှိပြီး နိုဗိုစီဗစ်ဒေသအစိုးရအဖွဲ့အနေဖြင့်လည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ။

မြန်မာနိုင်ငံနှင့် နိုဗိုစီဗစ်ဒေသတို့အကြား စီးပွားရေး၊ပညာရေး၊ကျန်းမာရေး၊ယဉ်ကျေးမှုဖလှယ်ရေး၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး စသည်တို့အပြင်ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံအကြား၊ နိုဗိုစီဗစ်ဒေသတို့အကြား ထုတ်ကုန်ပစ္စည်းများ အပြန်အလှန်တင်ပို့၍ ကုန်သွယ်မှုမြှင့်တင်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံနှင့် နိုဗိုစီဗစ်ဒေသအပါအဝင် ရုရှားဖက်ဒရေးရှင်း နိုင်ငံတို့အကြား ယဉ်ကျေးမှုအဖွဲ့များအပြန်အလှန်စေလွှတ်သွားမည့်အခြေအနေများ၊ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး ဦးဆောင်သည့် ယခုခရီးစဉ်သည် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံအကြား၊ နိုဗိုစီဗစ်ဒေသတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာစေခဲ့ပြီး အောင်မြင်သည့်ခရီးစဉ်တစ်ခုဖြစ်ခဲ့သည့် အခြေအနေများနှင့် နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည့် အခြေအနေများ၊ မကြာမီကာလအတွင်း မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်သွားမည့်အခြေအနေများနှင့် ရွေးကောက်ပွဲကျင်းပပြီးချိန်တွင် မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းသွားမည်ဖြစ်သည့်အခြေအနေများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့်နိုဗိုစီဗစ်ဒေသတို့အနေဖြင့်လည်း မြန်မာနိုင်ငံတွင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အားပေးထောက်ခံလျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးတို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလအခါတော်နေ့)တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများဖြင့်စည်ကားနေမှုကို တွေ့ရစဉ်။



တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလအခါတော်နေ့)တွင် မော်လမြိုင်မြို့ရှိ ဘုရား၊ စေတီပုထိုး၌ မီးပုံးပျံလွှတ်တင်ပူဇော်နေမှုကိုတွေ့ရစဉ်။
ဓာတ်ပုံ- ပြည်နယ်(ပြန်/ဆက်)



တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလအခါတော်နေ့)တွင် လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။



တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလအခါတော်နေ့)တွင် မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။



တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလအခါတော်နေ့)တွင် မြစ်ကြီးနားမြို့ရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။



တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလအခါတော်နေ့)တွင် ပြင်ဦးလွင်မြို့ရှိ ပွဲကောက်ရေတံခွန်၌ လာရောက်အပန်းဖြေသူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။



တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလအခါတော်နေ့)တွင် ဦးပိန်တံတား၌ လာရောက်လည်ပတ်သူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။



တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလအခါတော်နေ့)တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်း အတွင်းရှိ လမ်း၊ အဆောက်အဦများ၊ ပန်းအလှသစ်ပင်များ၌ ရောင်စုံမီးအလှများဖြင့် အလှဆင်ထားမှုကိုတွေ့ရစဉ်။

➢ **စာမျက်နှာ ၆ မှအဆက်**

အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက စေတီတော်မြတ်အား ဆီမီးများ၊ ရောင်စုံမီးအလှများဖြင့် ထွန်းညှိပူဇော်ခြင်း၊ ပန်း၊ ရေချမ်းကပ်လှူပူဇော်ခြင်း၊ ဆီမီး(၁၀၀၀) ထွန်းညှိပူဇော်ခြင်းများဖြင့် တန်ဆောင်မုန်းလပြည့် သာမညဖလအခါတော်နေ့၊ တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို ပျော်ရွှင်ကြည်နူးစွာဆင်နွှဲခဲ့ကြသည်။

အလားတူ တန်ဆောင်တိုင်မီးထွန်းပွဲတော်အထိမ်းအမှတ်အဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်း၌လည်း လမ်း၊ အဆောက်အဦများ၊ ပန်းအလှသစ်ပင်များတွင် ရောင်စုံမီးအလှများဖြင့် မီးထွန်းပွဲတော်ကို သာယာလှပစွာ ရှုမငြီးဖွယ်ပြုလုပ်ထားရှိပြီး ပျော်ပွဲရွှင်ပွဲများကိုလည်း ပြုလုပ်ထားရှိရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊လေ) မိသားစုများက စိတ်နှလုံးအေးချမ်းစွာဖြင့် ပျော်ရွှင်ကြည်နူးစွာဆင်နွှဲခဲ့ကြသည်။

"တန်ဆောင်"မှာ မီးရှူး၊ မီးတိုင်၊ ဆီမီးဟုအဓိပ္ပာယ်ရပြီး "မုန်း" မှာ တောက်ပသည်ဟူသော အနက်ကိုယူ၍ဝေါဟာရပေါင်းစည်းသည့်အခါ "ဆီမီးတိုင်များ မျက်စိတစ်ဆုံးပွားများထွန်းလင်းနေသည်"ဟု ဆိုလိုသည်ဖြစ်၍ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ တန်ဆောင်တိုင်မီးထွန်းပွဲတော်များ၊ ရှင်ဥပဂုတ္တမထေရ်မြတ်ပူဇော်ပွဲနှင့် မီးမျှောပူဇော်ပွဲများကို ကျင်းပခြင်း၊ မသိုးသင်္ကန်းကပ်လှူပူဇော်ခြင်း၊ ဆွမ်းဆန်တော်လောင်းလှူခြင်းများ ပြုလုပ်ကြရာ အများပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် လာရောက်ထွန်းညှိပူဇော်ဖူးမြော်ကြည်ညိုကြပြီး နိဗ္ဗာန်ဈေးပွဲတော်များတွင်လည်း ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသူများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိသည့်အပြင် ညပိုင်းတွင် မဲဇလီဖူးသုပ်ဒါနပြုကြသူများ၊ ပုံ့သကူအလှူပြုကြသူများ၊ ပုံ့သကူအလှူကောက်ကြသူများဖြင့် အေးချမ်းပျော်ရွှင်လျက်ရှိသည်ကို တွေ့ရသည်။

အလားတူ တန်ဆောင်တိုင်ရုံးပိတ်ရက်ကာလဖြစ်သည်နှင့်အညီ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ အပန်းဖြေစခန်းများ၊ ကမ်းခြေများ၊ အများပြည်သူနှင့် သက်ဆိုင်သည့် ပန်းခြံများ၌ လာရောက်အပန်းဖြေကြသူများနှင့် အထူးစည်ကားလျက်ရှိကာ တန်ဆောင်မုန်းလပြည့်နေ့အခါသမယကို အများပြည်သူများအနေဖြင့် ပျော်ရွှင်ကြည်နူးစွာဆင်နွှဲခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E. Mr. Andrey Aleksandrovich Travnikov နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းတွေ့ဆုံ





နေပြည်တော် နိုဝင်ဘာ ၄

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E. Mr. Andrey Aleksandrovich Travnikov နှင့် ကိုယ်စားလှယ်အဖွဲ့အား ယမန်နေ့ ညနေပိုင်းက ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနနှင့် နိုဗိုစီဗစ်ဒေသတို့ကြား ကျန်းမာရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ နှစ်ဦးနှစ်ဖက်ရှိဆေးရုံများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေးနှင့် ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဆရာဝန်များ၊ သူနာပြုများနှင့် ဆေးဘက်ဆိုင်ရာပညာရှင်များ အပြန်အလှန်အတွေ့အကြုံဖလှယ်ခြင်းလုပ်ငန်းများအတွက် နှစ်ဦးနှစ်ဖက် နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးရေး အဆိုပြုကိစ္စရပ်များ၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန်အတွက် နှစ်နိုင်ငံအပြန်အလှန် ဆေးဘက်ဆိုင်ရာဆရာဝန်များ၊ ပညာရှင်များအတွက် Internship training များ ပြုလုပ်နိုင်ရေး ကိစ္စရပ်များ၊ နှစ်နိုင်ငံ ဆရာဝန်များ၊ အထူးကုဆရာဝန်များ၏ ဆေးကုသမှုလိုင်စင်များ အပြန်အလှန် အသိအမှတ်ပြုနိုင်ရေးကိစ္စရပ်များ၊ အရေးပေါ်ဆေးကုသမှုလုပ်ငန်းများနှင့် အရေးပေါ်လူနာလွှဲပြောင်းဆေးကုသမှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့်နှစ်နိုင်ငံဆေးဘက်ဆိုင်ရာဆရာဝန်များ၊ အထူးကုဆရာဝန်များပူးပေါင်း၍ Online မှတစ်ဆင့် တိုင်ပင်ဆွေးနွေးဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးနှင့်သံရုံးမှတာဝန်ရှိသူများ၊ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ထို့ပြင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Novosibirsk Hospital မှ Dr. Anatoly Yudakov, Chief doctor of Novosibirsk Hospital and Chief Surgeon of Novosibirsk Region နှင့် Dr. Irina Grinberg , Chief Paediatrician, Neonatologist နှင့် ရုရှားနိုင်ငံမှကိုယ်စားလှယ်များသည် ယမန်နေ့ နံနက်ပိုင်းက ကလေးရောဂါအထူးကုဆေးရုံကြီး နေပြည်တော်သို့ လာရောက်ပြီး ကလေးကုသဆောင်နှင့်မွေးကင်းစကလေးကုသဆောင်များသို့ လှည့်လည်ကြည့်ရှု၍ မွေးကင်းစကလေးငယ်များကြည့်ရှုကုသမှုပေးခြင်းဆိုင်ရာလုပ်ငန်းများအပေါ် ကုထုံးများနှင့်ပတ်သက်၍ လိုအပ်သည်များ ဖြည့်စွက်အကြံပြုခြင်းနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် မွေးကင်းစကလေးအထူးကြပ်မတ်ကုသမှုပေးနိုင်မည့် လုပ်ငန်းများကို ဆွေးနွေးတိုင်ပင်ကြသည်။

ဦးစွာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Novosibirsk Hospital မှ ပါမောက္ခ ဦးဆောင်သော အဖွဲ့သည် ကလေးရောဂါအထူးကုဆေးရုံကြီး နေပြည်တော်တွင် တာဝန်ထမ်းဆောင်နေကြသော ဆေးရုံအုပ်ကြီး၊ ပါမောက္ခများ၊ မွေးကင်းစကလေးအထူးကုဆရာဝန်ကြီးများ၊ ကလေးအထူးကုဆရာဝန်ကြီးများနှင့်တွေ့ဆုံ၍ ဆေးရုံလုပ်ငန်းဆောင်ရွက်မှု၊ လူနာပြုစုကုသပေးနိုင်သော ရရှိနိုင်သော ဝန်ဆောင်မှုများ၊ ဆေးဘက်ဆိုင်ရာပညာရှင်များ သင်ကြားရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုတို့ကို အမြင်ချင်းဖလှယ်၍ အပြန်အလှန်ဆွေးနွေးကြသည်။


ဆေးပညာဆိုင်ရာနှင့် ဆေးရုံစီမံခန့်ခွဲမှုဆိုင်ရာ အကြောင်းအရာများအပေါ် ဗဟုသုတများစွာရရှိခဲ့ပြီး မွေးကင်းစကလေးငယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အသေးစိတ်ဆွေးနွေးခဲ့ကြသဖြင့် ရုရှားနှင့်မြန်မာနိုင်ငံအကြား ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်စေခြင်းအပြင် ရုရှားနိုင်ငံ၏ ဆေးရုံလုပ်ငန်းဝန်ဆောင်မှုများကို လေ့လာနိုင်ရေးအတွက် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

ဆက်လက်၍ အဆိုပါအဖွဲ့သည် ကလေးရောဂါအထူးကုဆေးရုံကြီး နေပြည်တော်၏ ကလေးကုသဆောင်နှင့် မွေးကင်းစကလေးကုသဆောင်ရှိ အထူးကြပ်မတ်ကုသခန်းများသို့ လှည့်လည်ကြည့်ရှု၍ လူနာများကိုအားပေးစကားပြောကြားခြင်း၊ လူနာများအတွက် ပိုမိုကောင်းမွန်သော ကုထုံးများရရှိနိုင်ရေး အကြံပြုပြောကြားခြင်းနှင့် ရုရှားနိုင်ငံ၏ မွေးကင်းစကလေးကုသမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအတွေ့အကြုံများကို ရင်းနှီးပွင့်လင်းစွာ ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြကြောင်း သိရသည်။

မြဝတီ

## အထူးမိုးလေဝသ သတင်း

# တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်




နေပြည်တော် နိုဝင်ဘာ ၄

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေ့လှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်း၊ မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းဒေသများတွင်ဖြစ်ပေါ်နေသောအားကောင်းသော လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း၊ အထက်ပင့်တက်လေအားကောင်းရာမှ ဒေါင်လိုက်တိမ်ဖြစ်ထွန်းမှုအားကောင်းသည့်အတွက် မိုးတိမ်တောင်များ ဖြစ်ပေါ်ခြင်းကြောင့်လည်းကောင်း နိုဝင်ဘာလ ၅ ရက်မှ ၆ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှနေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့်မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့်ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၄

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# မသိုးရွှေကြာ အောင်ကြောင်းမင်္ဂလာ

❖ ကမ္ဘာမှာ ဉာဏ်တော်အမြင့်ဆုံး
ရွှင်ကြည်ပြုံး လွန်သပ္ပာယ်။
ဗုဒ္ဓရုပ်ပွားတော် မာရဝိဇယ
ထူးလှတင့်တယ်။
ကမ္ဘာနှင့် မြန်မာ့အလယ်
ထူးခြားဖွယ် တည်ကာထား။
တန်ဆောင်တိုင် ပွဲတော်က
လှပစည်ကား။

❖ မီးပုံးပျံ လွှတ်တင်ပြ
ပြိုင်ဆိုင်ကြ ပွဲတော်မှာ။
စိန်နားပန် ညမီးကြီး
ရှုမငြီးပါ။
စည်းစည်းလုံးလုံး ညီညီညာ
တက်ကြွစွာ ပါဝင်ကြ။
မီးရောင်စုံ ဖြာဖြာလင်းလို့
မြင်ကွင်းလှပ။

❖ မသိုးရွှေကြာ မြတ်သင်္ကန်း
လှူဒါန်းစို့ တူပျော်ပျော်။
ရက်ကန်းစင်တော် ၁၅ ခု
အောင်ဆုရည်မျှော်။
တူညီတွဲလို့ ပါဝင်နော်
ကုသိုလ်တော် ယှဉ်ပြိုင်နွှဲ။
လက်ခတ်သံ ညံမစဲတယ်
ရင်ခုန်တဲ့ပွဲ။

❖ မြန်မာ့ရိုးရာ မြန်မာ့ဓလေ့
လှပါပေ့ တန်ဆောင်တိုင်။
ပျော်ပျော်ရွှင်ရွှင် ကုသိုလ်ထူး
မြူးကြွယှဉ်ပြိုင်။
စိတ်ဓာတ်ဖွဲ့ မြဲခိုင်ခိုင်
အောင်ဆုပိုင် အောင်နိုင်ရေး။
မြတ်ဘုရားမှာ မသိုးသင်္ကန်း
လှူဒါန်းမယ်လေး။

❖ တန်ဆောင်တိုင် လပြည့်နေ့
ချမ်းမြေ့လို့ ကြည်နူးစရာ။
ရောင်နီလာ အရုဏ်ကျင်း
မြင်ကွင်းသာယာ။
မသိုးရွှေကြာသင်္ကန်း ကပ်လှူကာ
တာဝတိံသာ နတ်ရွာအလား။
ကောင်းမှုကုသိုလ် လွန်စွာတင့်တယ်
ဂုဏ်ယူဝင့်ကြွား။

❖ အေးချမ်းသာယာ အောင်နိမိတ်
အောင်အတိတ်နဲ့ မြန်မာနိုင်ငံ။
ရပာန်းရှင်လူ စိတ်နှလုံး
ပျော်ရွှင်ပြုံးရန်။
ပြည်သူတို့ ဆန္ဒအမှန်
စိတ်တွေးကြံ လိုရာဖြည့်။
နှလုံးသားမှာ ကုသိုလ်တိုးလို့
ကောင်းကျိုးတွေ ပြည့်။

❖ သာပါစေ ဘယာဝေးလို့
အေးမြရွှင်လန်း ရှိလို့နေ။
မကောင်းမှုကို ပယ်ကာထား
ကောင်းကျိုးပွားစေ။
သာယာလှတဲ့ အမိမြေ
ပြည်သူတွေ လန်းဆန်းရေး။
မသိုးရွှေကြာ မြတ်သင်္ကန်းနှင့်
ဂုဏ်တင့်တယ်လေး။ ။

**ဘုန်းမောင်ဝင်း(ဖျာပုံ)**

## MWD Education, Knowledge & Sports Channel

၅-၁၁-၂၀၂၅(ဗုဒ္ဓဟူးနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၃၅ | Grade – 7 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ - ၁၆:၀၅ | Grade – 7 | အင်္ဂလိပ်စာ၊ သင်္ချာ(၁) |
| ၃။ | ၁၆:၀၅ - ၁၆:၄၅ | Grade – 7 | သင်္ချာ(၂)၊ ပထဝီဝင် |
| ၄။ | ၁၆:၄၅ - ၁၇:၂၀ | Grade – 7 | သမိုင်း၊ သိပ္ပံ |

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၅-၁၁-၂၀၂၅(ဗုဒ္ဓဟူးနေ့)

၁။ ၀၆:၀၀ တရားတော်
၂။ ၀၉:၀၀ ကျန်းမာသုတ
၃။ ၁၁:၀၀ သီချင်းလက်ဆောင်
၄။ ၁၂:၀၀ ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု
၅။ ၁၃:၀၀ အမှတ်တရနေ့ရက်များ
၆။ ၁၄:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၇။ ၁၅:၀၀ မြန်မာသံစဉ်ချိုနားဝင်
၈။ ၁၆:၀၀ ကိုယ်လက်လှုပ်ရှား အားကစား
၉။ ၁၇:၀၀ သီချင်းလက်ဆောင်
၁၀။ ၁၈:၃၀ ထုတ်လွှင့်ပြန်ကြား သတင်းမှန်များ
၁၁။ ၁၈:၃၀ **ရုပ်မြင်သံကြားဇာတ်လမ်း အနှစ်စံစစ်မှန်သောအဖြေ သရုပ်ဆောင် ဖြိုးမွန်ကျော်၊ သဉ္ဇာမြင့်မိုရ်၊ ဒါရိုက်တာ–ဟန်စိုး(မြစ်ကျိုး)**
၁၂။ ၁၉:၀၀ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်
၁၃။ ညစ ၈နာရီ သတင်း အပြီး အမျိုးသားရေးတေးကဗျာ
၁၄။ နိုင်ငံတကာသတင်း
၁၅။ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ
၁၆။ တစ်ချိန်က သူတို့အကြောင်း

# (၄၄)ကြိမ်မြောက် မသိုးသင်္ကန်းယှဉ်ပြိုင်ရက်လုပ် လှူဒါန်းပူဇော်ပွဲနှင့် ဆုပေးပွဲကျင်းပ

ပဲခူး နိုဝင်ဘာ ၄

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ဆံတော်ရှင်ရွှေမော်ဓောစေတီတော်မြတ်ကြီး ရင်ပြင်တော်၌ နိုဝင်ဘာလ ၃ ရက် ညပိုင်းတွင် (၄၄)ကြိမ်မြောက် မသိုးသင်္ကန်းယှဉ်ပြိုင်ရက်လုပ်လှူဒါန်းပူဇော်ပွဲနှင့် ဆုပေးပွဲကျင်းပသည်။



ရှေးဦးစွာ ရှေးဟောင်းသမိုင်းဝင်ဆုတောင်းပြည့် ဆံတော်ရှင်ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ (၄၄)ကြိမ်မြောက် မသိုးသင်္ကန်းယှဉ်ပြိုင်ရက်လုပ်လှူဒါန်းပူဇော်ပွဲအား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တန်ဆောင်တိုင်ပွဲတော်နှင့် အခမ်းအနားများ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးညီလန်းချိုနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများ မသိုးသင်္ကန်းရက်လုပ်ယှဉ်ပြိုင်နေမှုကို လိုက်လံကြည့်ရှုအားပေးကြသည်။

အဆိုပါရှေးဟောင်းသမိုင်းဝင်ဆုတောင်းပြည့် ဆံတော်ရှင် ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ (၄၄)ကြိမ်မြောက် မသိုးသင်္ကန်းယှဉ်ပြိုင်ရက်လုပ် လှူဒါန်းပူဇော်ပွဲတွင် ဝိသာခါစင်တော်၊ ယသော်ဓရာစင်တော်၊ ဂေါတမီစင်တော်၊ ရာဇဓာတုကလျာစင်တော်၊ ရှင်စောပုစင်တော် စသည့် ရက်ကန်းစင်တော်ငါးစင်ပါဝင်ကာ ယှဉ်ပြိုင်ကြရာ ယှဉ်ပြိုင်ဆုရရှိသော ရာဇဓာတုကလျာစင်တော်နှင့် ဝိသာခါစင်တော်အသင်းတို့အားလည်းကောင်း၊ တတိယဆုရရှိသော ယသော်ဓရာစင်တော်အသင်းအားလည်းကောင်း၊ ဒုတိယဆုရရှိသော ဂေါတမီစင်တော်အသင်းအားလည်းကောင်း၊ ပထမဆုရရှိသော ရှင်စောပုစင်တော်အသင်းအားလည်းကောင်း တာဝန်ရှိသူများက အသီးသီးဂုဏ်ပြုဆုနှင့် ဆုငွေများပေးအပ်ကြောင်းသိရသည်။

**ဥဿာတိုင်းသား**

## MWD Variety Channel

၅-၁၁-၂၀၂၅(ဗုဒ္ဓဟူးနေ့)

၁။ ၀၉:၂၀ ရှာဖွေလေ့လာ ပြတိုက်မှာ ကမ္ဘာ့သတင်းသုံးသပ်ချက်
၂။ ၁၁:၃၀ ကမ္ဘာ့တစ်ခွင် မှတ်တမ်းဝင်
၃။ ၁၄:၂၀ တစ်ပတ်အတွင်းထိပ်တန်းရောက် တိုးပွားရကြစေ
၄။ ၁၅:၄၅ ဗုဒ္ဓဓမ္မအသိများ

■ စာမျက်နှာ ၁၁ မှအဆက်

ဦးစွာ "မဟာရုရှားနှင့်ဆိုက်ဘေးရီးယား" အမည်ရသည့် ဂုဏ်ပြုဖျော်ဖြေပွဲအခမ်းအနားကို နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများ ဖွင့်လှစ်ကာ အလေးပြု၍ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင်ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုဗိုစီဗစ်ဒေသမှ ထင်ရှားသည့် "Chaldony" State Song and Dance Ensemble အဖွဲ့မှ တင်ဆက်မည့်ဖျော်ဖြေပွဲတွင် အားလုံးကို ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးအတွက် ယနေ့နေ့လယ်ခင်းသည် အဓိပ္ပာယ်ပြည့်ဝပြီး ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် အချိန်အခါလည်းဖြစ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ယဉ်ကျေးမှု၊ ပညာရေးနှင့် အနုပညာအပါအဝင် ကဏ္ဍပေါင်းစုံ၌ အပြန်အလှန်လေးစားမှု၊ နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့အပေါ်အခြေခံပြီး ခိုင်မြဲသည့် သံတမန်ဆက်ဆံမှုကို တည်ထောင်ခဲ့သည်မှာ နှစ်ပေါင်း(၇၇)နှစ်ပြည့်မြောက် ကျော်လွန်လာခဲ့ပြီဖြစ်ကြောင်း။

ကာကွယ်ရေး၊ ပညာရေး၊ သိပ္ပံ၊ နည်းပညာ၊ ကျန်းမာရေးနှင့်ယဉ်ကျေးမှုအပါအဝင် နယ်ပယ်များစွာ၌ အပြန်အလှန်လေးစားမှု၊ နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့အပေါ်အခြေခံပြီး မိမိတို့နှစ်နိုင်ငံသည် ဆယ်စုနှစ်များစွာ ကြာရှည်ခိုင်မာသည့် ဆက်ဆံရေးကို တည်ဆောက်ထားပြီးဖြစ်ကြောင်း၊ ဆက်လက်၍လည်း နိုဗိုစီဗစ်နှင့် မြန်မာအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

၂၀၂၅ ခုနှစ် မတ်လအတွင်း မိမိအနေဖြင့် ရုရှားနိုင်ငံကို သွားရောက်ခဲ့သည့်ခရီးစဉ်၌ အဆွေတော်နှင့်တွေ့ဆုံခဲ့စဉ် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်နိုင်ရေးဖိတ်ကြားခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏သာယာလှပမှုနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ကိုယ်တိုင်ကိုယ်ကျခံစားရှုမြင်ပြီးဖြစ်သည်ဟု ယုံကြည်ကြောင်း။

နိုဗိုစီဗစ်ဒေသ ကိုယ်စားလှယ်အဖွဲ့တွင် ပါဝင်လာသည့် "Chaldony" State Song and Dance Ensemble ၏ ယနေ့ဖျော်ဖြေပွဲမှတစ်ဆင့် နိုဗိုစီဗစ်ဒေသ၏ အနုပညာရသနှင့် ဆိုက်ဘေးရီးယန်းအနုပညာများကို မိမိတို့မြန်မာများ ကြည့်ရှုခံစားနိုင်ရံသာမက နှစ်နိုင်ငံပြည်သူများ အချင်းချင်းအကြား ခိုင်မြဲသည့် ချစ်ကြည်ရင်းနှီးမှုကိုလည်း ထပ်လောင်းအတည်ပြုနိုင်မည်ဖြစ်ကြောင်း။

အနုပညာဆိုသည်မှာ လူသားတို့၏ ယဉ်ကျေးမှုနှင့် စိတ်ဝိညာဉ်ကို ဖော်ပြလျက်ရှိကြောင်း၊ အနုပညာသည် အတားအဆီးအားလုံးကိုကျော်ဖြတ်ပြီး အလှတရား၊ သဟဇာတဖြစ်မှုနှင့် ငြိမ်းချမ်းမှုတို့ကို မျှဝေခံစားစေခြင်းဖြင့် လူသားအားလုံးကို ချစ်ကြည်ရင်းနှီးမှုဖြင့် ပေါင်းစည်းပေးပါကြောင်း၊ ထို့ကြောင့် ယနေ့ဖျော်ဖြေပွဲသည် ယဉ်ကျေးမှုဖလှယ်ရေး၊ ဖျော်ဖြေရေး သက်သက်သာမဟုတ်ဘဲ မိမိတို့နှစ်နိုင်ငံအကြား နွေးထွေးရင်းနှီးသည့်ဆက်ဆံရေးကို များစွာအထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါကြောင်း။

ထို့ကြောင့် အားလုံးအတွက် တေးဂီတ၊ ခင်မင်မှု၊ ပျော်ရွှင်မှုများဖြင့် ပြည့်နှက်နေသည့် မင်္ဂလာအချိန်အခါဖြစ်ပါစေဟု ဆုတောင်းလိုက်ပါကြောင်း၊ ယနေ့ဖျော်ဖြေပွဲမှသည် ရှေ့ဆက်၍ မိမိတို့ဒေသများအကြားဆက်လက်ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုအတွက် စိတ်အားထက်သန်မှုများကို ထပ်လောင်းအားဖြည့်နိုင်ပါစေကြောင်းနှင့် မြန်မာနှင့်ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုဗိုစီဗစ်ဒေသတို့အကြား ကောင်းမွန်ခိုင်မာပြီး နှောင်မျိုးဆက်သစ်များစွာတိုင် ဆက်လက်ရှင်သန်ထွန်းကားပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးက နှုတ်ခွန်းဆက်စကားပြန်လည်ပြောကြားရာတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဖိတ်ကြားမှုအရ ယခုကဲ့သို့ထူးခြားလှပသည့် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခွင့်ရရှိသည့်အတွက် စိတ်ရင်းမှန်ဖြင့်ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့ ဆိုက်ဘေးရီးယားလူမျိုးများကို ဧည့်ဝတ်ကျေပွန်စွာ ကြိုဆိုဧည့်ခံမှု၊ မိမိတို့၏ယဉ်ကျေးမှုနှင့် အနုပညာအပေါ် စိတ်ဝင်စားမှုများအတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ဘာသာရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များသည် ကြွယ်ဝမှုနှင့်နက်ရှိုင်းမှုတို့၌ ထင်ရှားပေါ်လွင်အံ့သြဖွယ်ရာဖြစ်ပြီး ယခုကဲ့သို့ ကြွယ်ဝမှုများသည် မြန်မာနိုင်ငံသားတို့၏ ရိုးသားပွင့်လင်းမှုများကို တွေ့မြင်စေရပါကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏နယ်မြေပေါ်တွင် လူမျိုးပေါင်းတစ်ရာကျော်မျှ နေထိုင်ကြသော်လည်း မိမိတို့အားလုံးသည် တူညီသောသမိုင်းကြောင်းနှင့် တူညီသောကံကြမ္မာတို့ဖြင့် စည်းလုံးညီညွတ်လျက်ရှိပါကြောင်း။

"Chaldony"ဟူသောအမည်သည် မိမိတို့နိုင်ငံ၏သမိုင်းနှင့် နက်ရှိုင်းစွာဆက်စပ်နေပြီး ရှေးဟောင်းဆိုက်ဘေးရီးယားလူမျိုးများ၊ ရုရှားလူမျိုးများ၊ ဆိုက်ဘေးရီးယား၏ ပထမဆုံးအောင်နိုင်သူများကို ကိုယ်စားပြုပါကြောင်း၊ အဆိုပါအဖွဲ့ဟာ ရိုးရာဓလေ့များကို ဂရုတစိုက်ထိန်းသိမ်းပြီး ဆိုက်ဘေးရီးယား၏သီချင်းနှင့် ဂီတအမွေအနှစ်ကို ကိုယ်စားပြုပါကြောင်း၊ ယနေ့တွင် မိမိတို့အနေဖြင့် မြန်မာနိုင်ငံ၌ ဂုဏ်ယူစွာဖျော်ဖြေတင်ဆက်ပေးမည်ဖြစ်ပြီး ဆိုက်ဘေးရီးယားယဉ်ကျေးမှု၊ အနုပညာနှင့် အပျော်ရွှင်ဆုံး ရင်းနှီးမှုရရှိပါစေရန် ဆုတောင်းအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက်နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ တက်ရောက်လာကြသူများသည် နိုဗိုစီဗစ် Chaldony State Song and Dance Ensemble အဖွဲ့မှ အနုပညာရှင်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

ထိုသို့ ဖျော်ဖြေတင်ဆက်ကြရာတွင် နိုဗိုစီဗစ် Chaldony State Song and Dance Ensemble အဖွဲ့မှ အနုပညာရှင်များက အဆိုအကနှင့် ဂီတအနုပညာများကို သဟဇာတဖြစ်စွာဖြင့် ကြွယ်ဝများပြားလှသည့်ဂန္ထဝင်ပုံစံများ၊ ရိုးရာဓလေ့ပုံစံများကို အခြေခံ၍ ရုရှားရိုးရာတေးသီချင်းများ၊ ဆိုက်ဘေးရီးယားဒေသဂီတနှင့်တေးသီချင်းများကို ရင်သပ်ရှုမောဖွယ်လှုပ်ရှားမှုများဖြင့် တင်ဆက်ခဲ့ကြသည်၊ ထို့ပြင် **"ပေါင်မုန့်သည် အရာရာ"** ဟု အမည်ရသည့်တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်မှုအပြီး၌ နိုဗိုစီဗစ် Chaldony State Song and Dance Ensemble အဖွဲ့မှ အနုပညာရှင်များက နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့ထံသို့ ဧည့်ဝတ်ကျေပွန်မှုနှင့် ခင်မင်ရင်းနှီးမှုတို့ကို ကျေးဇူးတင်ရှိပြီး နွေးထွေးမှုနှင့်ပျော်ရွှင်မှုတို့ကို မျှဝေလိုသည့်အနေဖြင့် ရုရှားရိုးရာဓလေ့ထုံးတမ်းစဉ်လာဖြစ်သည့် ပေါင်မုန့်နှင့် ဆားတို့ကို ယူဆောင်၍တည်ခင်းဧည့်ခံဂါရဝပြုကြသည်၊

ဖျော်ဖြေပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့က နိုဗိုစီဗစ် Chaldony State Song and Dance Ensemble အဖွဲ့မှ အနုပညာရှင်များအားလည်းကောင်း၊ နိုဗိုစီဗစ် ဒေသအုပ်ချုပ်ရေးမှူးက သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှအနုပညာရှင်များအားလည်းကောင်း ဂုဏ်ပြုပန်းခြင်းများကိုပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးတို့သည် ယဉ်ကျေးမှုအထိမ်းအမှတ်လက်ဆောင်များကို အပြန်အလှန်ပေးအပ်ကြသည်။

ထို့နောက် နိုဗိုစီဗစ် Chaldony State Song and Dance Ensemble အဖွဲ့မှ အနုပညာရှင်များက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွက် အထူးဖန်တီးထားသည့် "လတ်တီး" သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး ဖျော်ဖြေပွဲအခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

**❖ ယနေ့ဖျော်ဖြေပွဲမှတစ်ဆင့် နိုဗိုစီဗစ်ဒေသ၏ အနုပညာရသနှင့် ဆိုက်ဘေးရီးယန်းအနုပညာများကို မိမိတို့မြန်မာများ ကြည့်ရှုခံစားနိုင်ရုံသာမက နှစ်နိုင်ငံပြည်သူများအချင်းချင်းအကြား ခိုင်မြဲသည့်ချစ်ကြည်ရင်းနှီးမှုကိုလည်း ထပ်လောင်းအတည်ပြုနိုင်မည်ဖြစ် . . .**

**❖ မိမိတို့နှစ်နိုင်ငံအကြား နွေးထွေးရင်းနှီးသည့်ဆက်ဆံရေးကို များစွာအထောက်အကူဖြစ်စေမည်ဟု ယုံကြည် . . .**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**

**❖ မြန်မာနိုင်ငံ၏ ဘာသာရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များသည် ကြွယ်ဝမှုနှင့် နက်ရှိုင်းမှုတို့၌ ထင်ရှားပေါ်လွင်အံ့သြဖွယ်ရာဖြစ်ပြီး ယခုကဲ့သို့ ကြွယ်ဝမှုများသည် မြန်မာနိုင်ငံသားတို့၏ ရိုးသားပွင့်လင်းမှုများကို တွေ့မြင်စေရ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏နယ်မြေပေါ်တွင် လူမျိုးပေါင်းတစ်ရာကျော်မျှ နေထိုင်ကြသော်လည်း မိမိတို့အားလုံးသည် တူညီသောသမိုင်းကြောင်းနှင့် တူညီသောကံကြမ္မာတို့ဖြင့် စည်းလုံးညီညွတ်လျက်ရှိ . . .**

**ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E.Mr. Andrey Aleksandrovich Travnikov**

## နေရာကွက်၍ မိုးကြီးမည်

နေပြည်တော် နိုဝင်ဘာ ၄

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် မိုးထစ်ချုန်းပြီး နေရာကွက်၍ မိုးကြီးမည်။

(မိုး/ဇလ)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄˚c | / | ၂၉˚c |
| ရန်ကုန် | ၂၄˚c | / | ၂၈˚c |
| မန္တလေး | ၂၃˚c | / | ၃၃˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုဗိုစီဗစ် “Chaldony” State Song and Dance Ensemble အဖွဲ့မှ ဂုဏ်ပြုဖျော်ဖြေသည့်ပဒေသာကပွဲသို့ တက်ရောက်ကြည့်ရှုအားပေး




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုဗိုစီဗစ်ဒေသမှ နိုဗိုစီဗစ် “Chaldony” State Song and Dance Ensemble အဖွဲ့မှ “မဟာရုရှားနှင့် ဆိုက်ဘေးရီးယား”အမည်ရသည့်ပဒေသာကပွဲတွင် ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားစဉ်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများက နိုဗိုစီဗစ် “Chaldony” State Song and Dance Ensemble အဖွဲ့မှ “မဟာရုရှားနှင့် ဆိုက်ဘေးရီးယား”အမည်ရသည့် ပဒေသာကပွဲဖျော်ဖြေတင်ဆက်နေမှုကိုကြည့်ရှုအားပေးစဉ်။



ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E.Mr. Andrey Aleksandrovich Travnikov ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုဗိုစီဗစ်ဒေသမှ နိုဗိုစီဗစ် “Chaldony”State Song and Dance Ensemble အဖွဲ့မှ “မဟာရုရှားနှင့် ဆိုက်ဘေးရီးယား”အမည်ရသည့်ပဒေသာကပွဲတွင် နှုတ်ခွန်းဆက်စကားပြန်လည်ပြောကြားစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က နိုဗိုစီဗစ် “Chaldony” State Song and Dance Ensemble အဖွဲ့မှ အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းပေးအပ်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၄**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုဗိုစီဗစ်ဒေသမှ နိုဗိုစီဗစ် “Chaldony” State Song and Dance Ensemble အဖွဲ့မှ “မဟာရုရှားနှင့် ဆိုက်ဘေးရီးယား”အမည်ရသည့် ပဒေသာကပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁)(MICC-1)၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်ဦးညိုစောနှင့် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E.Mr. Andrey Aleksandrovich Travnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **စာမျက်နှာ ၁၀ သို့** ■

# မြန်မာနှင့်နိုဗိုစီဗစ်တို့ကြား ရင်းနှီးချစ်ကြည် မှန်းမျှော်ရည် မဟာမိတ်သမိုင်းတစ်ခေတ်ဆီ

မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏အရေးပါသောဒေသကြီးတစ်ခုဖြစ်သည့် နိုဗိုစီဗစ် (Novosibirsk) ဒေသတို့ကြား ဆက်ဆံရေးသည် မကြာသေးမီနှစ်များအတွင်း သိသာထင်ရှားစွာ တိုးတက်လာသည်ကိုမြင်တွေ့ရသည်။ ထိုသို့ဆက်ဆံရေးတိုးတက်လာမှုသည် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့ကြားတွင်ရှိသော ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကိုဖော်ပြနေသည်သာမက ဒေသအချင်းချင်းကြား နက်ရှိုင်းသည့်ဆက်သွယ်မှုကိုပါပေါ်လွင်စေသည်။



နိုဗိုစီဗစ်ဒေသဆိုသည်မှာ ရုရှားနိုင်ငံ၏ တတိယအကြီးဆုံးမြို့ဖြစ်သည့်အပြင် ဆိုက်ဘေးရီးယားဒေသ၏ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် သိပ္ပံနည်းပညာ ဗဟိုချက်မတစ်ခုဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ကြည့်လျှင် နိုဗိုစီဗစ်မြို့နှင့်နက်ရှိုင်းသောဆက်ဆံရေးသည် ရုရှားနိုင်ငံ၏ဆိုက်ဘေးရီးယားဒေသသို့ချဉ်းကပ်ရာ တံခါးပေါက်တစ်ခုသဖွယ် ဖြစ်လာသည်။

မြန်မာနိုင်ငံနှင့် နိုဗိုစီဗစ်ဒေသတို့ကြား ဆက်ဆံရေး၏အဓိကမှတ်တိုင်တစ်ခုမှာ မြန်မာနိုင်ငံ၏ကောင်စစ်ဝန်ချုပ်ရုံးကို နိုဗိုစီဗစ်ဒေသ၌ ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။ ထိုကောင်စစ်ဝန်ရုံးက ရုရှားဖက်ဒရေးရှင်းနိုင်ငံအတွက်အရေးပါသော ဆိုက်ဘေးရီးယားရှိ ဒေသငါးခုကို ကောင်စစ်ဆိုင်ရာဝန်ဆောင်မှုများပေးနိုင်မည်ဖြစ်သည်။ အထူးသဖြင့်နိုဗိုစီဗစ်ဒေသတွင်နေထိုင်သည့် ရုရှားနိုင်ငံသားများအတွက် မြန်မာနိုင်ငံနှင့် ချိတ်ဆက်ပေါင်းကူးရန်၊ နှစ်နိုင်ငံအကြား နားလည်မှုမြှင့်တင်ရန်၊ နိုဗိုစီဗစ်ဒေသဝန်းကျင်ရှိမြန်မာအသိုင်းအဝိုင်းကို ကူညီစောင့်ရှောက်ပြီး ကောင်စစ်ဆိုင်ရာဝန်ဆောင်မှုများပေးအပ်နိုင်ရန် အဆိုပါကောင်စစ်ဝန်ချုပ်ရုံးကို ဖွင့်လှစ်ခြင်းဖြစ်သည်။ ထိုကဲ့သို့ကောင်စစ်ဝန်ချုပ်ရုံးကို ဖွင့်လှစ်လိုက်နိုင်ခြင်းသည် နိုဗိုစီဗစ်ဒေသကို ဗဟိုပြု၍ မြန်မာနိုင်ငံ၏ သံတမန်ရေးရာကွန်ရက်ကို ပိုမိုကျယ်ပြန့်စေမည်ဖြစ်သည်။ ထို့ပြင် ဒေသတွင်းကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် လူမှုဆက်ဆံရေးများကို မြှင့်တင်နိုင်ရန် အဓိကသော့ချက်နေရာ ဖြစ်လာစေမည်ဖြစ်သည်။


မြန်မာနိုင်ငံနှင့် နိုဗိုစီဗစ်ဒေသတို့ကြား စီးပွားရေးနှင့်ခရီးသွားလုပ်ငန်းဆက်ဆံရေးတွင်အရေးပါသည့် နောက်ထပ်မှတ်တိုင်တစ်ခုမှာ ရန်ကုန်-မန္တလေး-နိုဗိုစီဗစ် တိုက်ရိုက်လေကြောင်းခရီးစဉ် စတင်ပြေးဆွဲနိုင်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံအလယ်ပိုင်းရှိ မန္တလေးမြို့မှ နိုဗိုစီဗစ်မြို့အထိဆိုလျှင် လေကြောင်းခရီးအကွာအဝေးအားဖြင့် ကီလိုမီတာပေါင်း ၃၈၆၃ ကီလိုမီတာရှိသည်။ တိုက်ရိုက်လေကြောင်းလိုင်းဖြစ်သဖြင့် လေယာဉ်ပျံသန်းချိန်က ၆ နာရီခွဲရှိသည်။ ထိုလေကြောင်းလိုင်းသည် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့ကြား ပထမဆုံး တိုက်ရိုက်ဆက်သွယ်မှုဖြစ်ပြီး ပထဝီဝင်အရဝေးကွာနေသော နိုင်ငံနှစ်ခုကို တိုက်ရိုက်ပေါင်းကူးပေးနိုင်ခြင်းလည်းဖြစ်သည်။ ယင်းကဲ့သို့ပေါင်းကူးပေးနိုင်ခဲ့ခြင်းကြောင့် နှစ်နိုင်ငံကြားခရီးသွားလာရေးကို ပိုမိုလွယ်ကူစေရုံသာမက ကုန်စည်စီးဆင်းမှုနှင့် စီးပွားရေးအခွင့်အလမ်းများကိုပါ တိုးမြှင့်ပေးနိုင်ခဲ့သည်။ အလားတူ ရုရှားပြည်သူများအနေဖြင့် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များနှင့် သဘာဝအလှအပများကို လာရောက်ကြည့်ရှုခံစားနိုင်စေရန် လမ်းဖွင့်ပေးလိုက်ခြင်းလည်းဖြစ်သည်။

တစ်ချိန်တည်းမှာပင် မြန်မာနိုင်ငံ၏ ဒုတိယမြို့တော်ဖြစ်သည့် မန္တလေးမြို့နှင့် နိုဗိုစီဗစ်မြို့တို့ကြား "ညီအစ်မမြို့တော်" ဆက်ဆံရေးကိုထူထောင်ထားနိုင်ပြီဖြစ်သည်။ ထိုဆက်ဆံရေးထူထောင်နိုင်ခြင်းသည် ယဉ်ကျေးမှုဖလှယ်ရေး၊ ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ ဒေသန္တရအစိုးရများကြား အတွေ့အကြုံဖလှယ်ရေးတို့ကို ပိုမိုအားပေးနိုင်စေမည်ဖြစ်သည်။ နိုဗိုစီဗစ်ဒေသတွင် ရုရှားအကယ်ဒမီသိပ္ပံ၏ ဆိုက်ဘေးရီးယားဌာနခွဲလည်း တည်ရှိသဖြင့် ပညာရေးနှင့် သိပ္ပံနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရန် အလားအလာကောင်းများလည်း ရှိနေသည်။

နိုဗိုစီဗစ်ဒေသသည် ရုရှားနိုင်ငံတွင် အဆင့်မြင့်ပညာရေးဌာနများစွာ တည်ရှိရာနေရာဖြစ်သည်။ မြန်မာကျောင်းသားများအနေဖြင့်လည်း နိုဗိုစီဗစ်ဒေသရှိ ထိပ်တန်းတက္ကသိုလ်များ၌ စက်မှု၊ စိုက်ပျိုးရေးနှင့် နည်းပညာနယ်ပယ်များတွင် ပညာသင်ကြားခွင့် ရရှိနိုင်မည်ဖြစ်သည်။ နိုဗိုစီဗစ်ဒေသတက္ကသိုလ်ကဲ့သို့သော နာမည်ကျော်တက္ကသိုလ်များနှင့် ပူးပေါင်းခြင်းဖြင့် မြန်မာ့ပညာရေးကဏ္ဍ၏ အရည်အသွေးကို မြှင့်တင်နိုင်မည့် အခွင့်အလမ်းများလည်း ရှိသည်။

မြန်မာနိုင်ငံနှင့် နိုဗိုစီဗစ်ဒေသတို့ကြား ဆက်ဆံရေးသည် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုအပေါ် အဓိကအလေးပေးထားသည်။ မြန်မာလုပ်ငန်းရှင်များသည် နိုဗိုစီဗစ်မြို့မှ နည်းပညာဆိုင်ရာ အတွေ့အကြုံနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဗဟုသုတများကိုရယူနိုင်ရန် စိတ်ဝင်စားသည်။ အထူးသဖြင့် နိုဗိုစီဗစ်၏ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဗဟိုချက်ဖြစ်သော အကာဒမ်ဂေါရော့က အဓိကသော့ချက်ဖြစ်သည်။ ၎င်းမှတစ်ဆင့် မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ၊ ဆိုက်ဘာလုံခြုံရေးနှင့် ဆော့ဝဲအင်ဂျင်နီယာနယ်ပယ်များတွင် အတွေ့အကြုံများကို ဖလှယ်နိုင်မည်ဖြစ်သည်။ စိုက်ပျိုးရေးနည်းပညာပိုင်းတွင်လည်း နိုဗိုစီဗစ်ဒေသ၏ စိုက်ပျိုးရေးစက်ပစ္စည်းများနှင့် သိုလှောင်မှုနည်းပညာတို့ကို မြန်မာနိုင်ငံက ရယူဖလှယ်နိုင်မည်ဖြစ်သည့်အပြင် ဆေးပညာနှင့် ဇီဝနည်းပညာဆိုင်ရာ သုတေသနပူးပေါင်းဆောင်ရွက်မှုများကလည်း မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍ ပိုမိုခေတ်မီတိုးတက်စေရေးအတွက် အထောက်အကူပြုမည်ဖြစ်သည်။

ကုန်သွယ်ရေးကဏ္ဍတွင် နိုဗိုစီဗစ်ဒေသသည် မြန်မာ့စားသောက်ကုန်များ၊ အထည်အလိပ်များနှင့် လက်မှုပစ္စည်းများအတွက် ဈေးကွက်အသစ်တစ်ခုဖြစ်လာမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးထွက်ကုန်များနှင့် သတ္တုသယံဇာတများကို နိုဗိုစီဗစ်မြို့မှတစ်ဆင့် ရုရှားနိုင်ငံအတွင်းပိုင်းသို့တင်ပို့ခြင်းအားဖြင့် နိုဗိုစီဗစ်ဒေသကို အခြေပြု၍ မြန်မာနိုင်ငံနှင့်ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့ကြား ကုန်သွယ်မှုဆက်ဆံရေး တိုးတက်လာမည်မှာ အမှန်ပင်ဖြစ်သည်။






ထို့အတူ အဆင့်မြင့်အရာရှိကြီးများ၏ အပြန်အလှန်လည်ပတ်မှုများသည်လည်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအတွက် အခြေခံကောင်းများပင်ဖြစ်သည်။ နိုဗိုစီဗစ်ဒေသအခြေစိုက်လုပ်ငန်းများသည် မြန်မာနိုင်ငံ၏ စွမ်းအင်နှင့်အခြေခံအဆောက်အဦ

စာမျက်နှာ ၁၃ သို့ ◆

# တောင်ကြီးမြို့ (၇၅)ကြိမ်မြောက် မြို့လုံးကျွတ်စုပေါင်းမဟာဘုံကထိန်နှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ (၃၄)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်အလှူတော်မင်္ဂလာများပြုလုပ်



ဆရာတော်ထံ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် နိုဝင်ဘာ ၄**

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ (၇၅)ကြိမ်မြောက် မြို့လုံးကျွတ် စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာကို ယနေ့နံနက်ပိုင်းတွင်တောင်ကြီးမြို့၊အတုလမာရဇိန်ဆုတောင်းပြည့်မြတ်စွာဘုရား၊ မြို့လယ်ဓမ္မာရုံကြီး၌ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး၊ ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက နိုင်ငံတော်သြဝါဒါစရိယ၊ တောင်ကြီးမြို့၊ စွန်းလွန်းဂူကမ္မဋ္ဌာန်းကျောင်းတိုက်ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တအဂ္ဂဓမ္မာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်အရှင်သူမြတ်များ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက ကထိန်လျာမြတ်သင်္ကန်းများ ဆက်ကပ်လှူဒါန်းကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ အဖွဲ့ဝင် တောင်ကြီးမြို့၊ မဟာဓမ္မိကာရာမကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မာနန္ဒာဘိဝံသထံမှ အနုမောဒနာတရားနာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ ၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ယနေ့ကျင်းပပြုလုပ်သော ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ (၇၅)ကြိမ်မြောက် မြို့လုံးကျွတ် စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာတွင် ငွေကျပ် ၂၂၆ သိန်းကျော် တန်ဖိုးရှိ ကထိန်သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများပါဝင်သော ပဒေသာပင် ၁၃၀ ခုကို သက်ဆိုင်ရာ ဘုန်းတော်ကြီးကျောင်းများသို့ ပို့ဆောင်လှူဒါန်းခဲ့ကြသည်။

အလားတူ အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ (၃၄)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ၌ပြုလုပ်ရာ ပုသိမ်မြို့၊ နိဂြောဓာရုံညောင်ပင်သာ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိသုတ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပုသိမ်မြို့၊ နိဂြောဓာရုံ ညောင်ပင်သာပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များရွတ်ပွားချီးမြှင့်တော်မူကြသောပရိတ်တရားတော်များကို နာယူကြကာ သံဃာတော်များအား ကထိန်လျာမြတ်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပုသိမ်မြို့၊ နိဂြောဓာရုံ ညောင်ပင်သာ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်ထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာတွင် တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက လှူဒါန်းသည့် ငွေကျပ် ၅၇၂ သိန်းကျော် တန်ဖိုးရှိ ကထိန်သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများပါဝင်သော ပဒေသာပင် ၄၀ ခုကို သက်ဆိုင်ရာ ဘုန်းတော်ကြီးကျောင်းများသို့ ပို့ဆောင်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

◆ စာမျက်နှာ ၁၂ မှအဆက်

စီမံကိန်းများတွင်ပါဝင်ရန် စိတ်ပါဝင်စားမှုရှိသည်ဟု ထုတ်ဖော်ပြောထားကြသည်။

ရင်းနှီးမြှုပ်နှံမှုများတွင် စွမ်းအင်၊ စက်မှုလုပ်ငန်းနှင့် ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍများက အလားအလာအကောင်းဆုံးဖြစ်သည်။ နိုဗိုစီဗစ်ရင်းနှီးမြှုပ်နှံသူများသည် မြန်မာနိုင်ငံ၏ကြီးထွားလာသော စွမ်းအင်လိုအပ်ချက်ဖြည့်ဆည်းရေး စီမံကိန်းများတွင်ပါဝင်နိုင်ရန် စိတ်ဝင်စားနေသည်ဟု သိရသည်။ ထို့ပြင် မြန်မာနိုင်ငံကို အရှေ့တောင်အာရှဈေးကွက်သို့ ဝင်ရောက်နိုင်ရေးအတွက် ကုန်ထုတ်လုပ်မှုစခန်းများ တည်ဆောက်ရန် ပထဝီဝင်အရအရေးပါသည့် နေရာတစ်ခုအဖြစ်ရှုမြင်နေသည်။ နိုဗိုစီဗစ်ဒေသရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးသည် ဒေသခံရုရှားရင်းနှီးမြှုပ်နှံသူများအတွက်မြန်မာနိုင်ငံ၏စီးပွားရေးဆိုင်ရာနှင့် ဥပဒေရေးရာ အချက်အလက်များစွာကို ကောင်းစွာထောက်ပံ့ပေးနိုင်မည်ဖြစ်သည်။

နှစ်နိုင်ငံကြားရှိပြည်သူများအနေဖြင့် အလည်အပတ်သွားလာရာတွင် အရေးအကြီးဆုံးလိုအပ်ချက်သည် ဗီဇာကိစ္စဖြစ်သည်။ မြန်မာနိုင်ငံက ရုရှားနိုင်ငံသားများကို ဗီဇာကင်းလွတ်ခွင့်ပေးထားခဲ့သည်မှာ ၂၀၂၂ ခုနှစ်ကတည်းကဖြစ်သည်။ ယခုမူ မြန်မာ – ရုရှားနှစ်နိုင်ငံ အပြန်အလှန် နိုင်ငံသားများ ဗီဇာလိုအပ်ချက်များကို ပယ်ဖျက်ရေးလက်မှတ်ရေးထိုးထားနိုင်ပြီဖြစ်သည့်အတွက် မြန်မာပြည်သူများအနေဖြင့်လည်း ရုရှားနိုင်ငံသို့သွားရာတွင် ဗီဇာကင်းလွတ်ခွင့်ရရှိတော့မည်ဖြစ်သည်။ လက်ရှိတွင် မြန်မာနိုင်ငံမှ နိုဗိုစီဗစ်ဒေသသို့ တိုက်ရိုက်လေကြောင်းခရီးစဉ် ပြေးဆွဲနိုင်မှုကြောင့် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့ကြား ခရီးသွားလုပ်ငန်းသည် နိုဗိုစီဗစ်ဒေသကိုအခြေပြု၍ ပိုမိုတိုးတက်လာတော့မည်ဖြစ်သည်။

နိုဗိုစီဗစ်ဒေသမှာလည်းမြန်မာခရီးသွားများအတွက် စိတ်ဝင်စားဖွယ်ရာနေရာများစွာကို ပိုင်ဆိုင်ထားသည်။ နိုဗိုစီဗစ်ဒေသကို “ဆိုက်ဘေးရီးယား၏မြို့တော်” ဟု တင်စားကြသည်။ နိုဗိုစီဗစ်၏ အထင်ကရနေရာများအနက် ရုရှားတွင် အကြီးဆုံးဖြစ်သည့် နိုဗိုစီဗစ်အော်ပရာနှင့် ဘဲလေးပြဇာတ်ရုံသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ထို့ပြင် သိပ္ပံနည်းပညာဗဟိုချက်ဖြစ်သော အကာဒမ်ဂေါ်ရော့၊ ဆိုက်ဘေးရီးယားဒေသ၏သမိုင်းဝင်ပစ္စည်းများကိုပြသထားသည့် ဒေသဆိုင်ရာပြတိုက်တို့သည် မြို့ပြအနုပညာနှင့် သမိုင်းကို စိတ်ဝင်စားသူများအတွက် ဆွဲဆောင်မှုရှိသည်။ အော့မြစ်ကမ်းဘေးရှိ ရှုခင်းများနှင့် ဆောင်းရာသီလှုပ်ရှားမှုများက မြန်မာပြည်သူများအတွက် ထူးခြားသည့် အတွေ့အကြုံများကို ပေးစွမ်းနိုင်မည်ဖြစ်သည်။

ထို့ကြောင့် မြန်မာနိုင်ငံနှင့် နိုဗိုစီဗစ်ဒေသတို့ကြား ခိုင်မာလာသော ရင်းနှီးသည့်ဆက်ဆံရေးသည် အရေးပါသော မဟာမိတ်ဆက်ဆံရေးအခန်းကဏ္ဍသစ်ကို ဖွင့်လှစ်ပေးလိုက်ခြင်းဖြစ်သည်ဟုဆိုရမည်ဖြစ်သည်။ ထို့ပြင် ရုရှား၏ ဆိုက်ဘေးရီးယားအရှေ့ခြမ်းဒေသကို အာရှဈေးကွက်နှင့် ချိတ်ဆက်ရာတွင် မြန်မာနိုင်ငံက အဓိကအခန်းကဏ္ဍမှနေရာယူလာနေသည်ဟုလည်းဆိုနိုင်သည်။ ထို့အတွက်ကြောင့် နိုင်ငံရေး၊ စီးပွားရေး၊ နည်းပညာ၊ ခရီးသွားလာမှုနှင့် လူမှုယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် မြန်မာနိုင်ငံနှင့် နိုဗိုစီဗစ်ဒေသတို့ကြား ရင်းနှီးချစ်ကြည်မှုသည် မဟာမိတ်သမိုင်းတစ်ခေတ်ဆီသို့ မှန်းမျှော်နိုင်စေမည်ဖြစ်ပေသည်။ ။

**ထက်မြတ်**

## မုံရွာမြို့၊ အောင်ချမ်းသာရပ်ကွက်ရှိ ပြည်ထောင်စုရင်ပြင်၌ တန်ဆောင်တိုင်ဖွင့်ပွဲ ကျင်းပပြုလုပ်



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေးတို့က တန်ဆောင်တိုင်ဖွင့်ပွဲအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ အောင်ချမ်းသာရပ်ကွက်ရှိ ပြည်ထောင်စုရင်ပြင်၌ တန်ဆောင်တိုင်ဖွင့်ပွဲကို နိုဝင်ဘာလ ၃ ရက် ညနေပိုင်းတွင် ကျင်းပပြုလုပ်ရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က တန်ဆောင်တိုင်ဖွင့်ပွဲအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တာဝန်ရှိသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကူးကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက တက်ရောက်လာကြသည့် ဧည့်ပရိသတ်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ တန်ဆောင်တိုင်ပွဲတော်ဖျော်ဖြေမှုများအား လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲအောင်မြင်စွာကျင်းပပြီးစီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ တစ်ခဲနက်ပါဝင်ဆင်နွှဲခဲ့ကြ



**နေပြည်တော် နိုဝင်ဘာ ၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥဘဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတော်ကို ယနေ့ နောက်ဆုံးနေ့အဖြစ် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့်အနယ်နယ်အရပ်ရပ်မှဘုရားဖူးလာပြည်သူများ ကြိတ်ကြိတ်တိုးတစ်ခဲနက်ပါဝင်ဆင်နွှဲကြသည်။

ယနေ့သည်ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးများ၏နေ့ထူးနေ့မြတ်တန်ဆောင်မုန်းလပြည့်နေ့(သာမညဖလအခါတော်နေ့) နှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်ကြီး၏ နောက်ဆုံးရက်ဖြစ်သည်နှင့်အညီ ဘုရားကြီးသို့လာရာလမ်းတစ်လျှောက်တွင် ဘုရားဖူးခရီးသည်တင်ယာဉ်ကြီးများ၊ ကိုယ်ပိုင်ယာဉ်ငယ်များဖြင့် တိုးမပေါက်အောင် စည်ကားလျက်ရှိပြီး ဘုရားမုခ်ဦးအပြင် ကားရပ်နားဝင်းနေရာများ၌လည်း နေပြည်တော်ဒေသခံများအပြင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးကားများ အများအပြားစုဝေးရောက်ရှိလာကြသည့်အတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ဘုရားအဝင်အထွက်လမ်းကြောင်းများ ပိတ်ဆို့မှုမရှိစေရေးအတွက် စနစ်တကျဆောင်ရွက်ပေးကာ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း၌လည်း မီးထွန်းပွဲတော်ကြီး၌ တပျော်တပါးပါဝင်ဆင်နွှဲရန် ရောက်ရှိလာကြသည့် ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်မှာ မြင်တွေ့ရသူတိုင်းအဖို့ကြည်နူးပီတိဖြစ်ဖွယ်ရာ မြင်ကွင်းတစ်ခုလည်းဖြစ်သည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား တန်ဆောင်မုန်းလပြည့်နေ့တွင် မသိုးရွှေကြာသင်္ကန်းတော် ဆက်ကပ်လှူဒါန်းနိုင်ရန်အတွက် ယမန်နေ့ညနေပိုင်းမှ စတင်၍ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ရက်ကန်းပညာရှင်အဖွဲ့များက ရက်ကန်းစင် ၁၅ စင်ဖြင့် မြိုင်မြိုင်ဆိုင်ဆိုင်ရက်လုပ်ကြပြီး ယနေ့ကျရောက်သည့်လပြည့်နေ့ နံနက်မင်္ဂလာအချိန်တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မသိုးရွှေကြာသင်္ကန်းတော်ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ကြသည်။

ယနေ့ညတွင် ဝန်ကြီးဌာနအလိုက် မီးပုံးပျံလွှတ်တင်မှုများအဖြစ် စိန်နားပန်မီးပုံးပျံလွှတ်တင်ယှဉ်ပြိုင်မှုတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ဥပဒေရေးရာဝန်ကြီးဌာနတို့ကလည်းကောင်း၊ ညမီးကြီးမီးပုံးပျံလွှတ်တင်ယှဉ်ပြိုင်မှုတွင် ပြည်ထဲရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ကလည်းကောင်း၊ တန်ဆောင်တိုင်ပွဲတော်မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲလပြည့်ညဂုဏ်ပြုမီးပုံးပျံကိုလည်းကောင်း မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ကောင်းကင်ယံထက် အောင်မြင်စွာလွှတ်တင်ပူဇော်ခဲ့ကြရာ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက်ဝန်ထမ်းများနှင့်ပြည်သူများကလည်း သတ်မှတ်နေရာအသီးသီး၌ မီးပုံးပျံငယ်များကို ပြိုင်တူလွှတ်တင်ဝန်းရံပူဇော်ခြင်းကြောင့် ကောင်းကင်ယံတွင် စိန်နားပန်နှင့် ညမီးကြီးမီးပုံးပျံကြီးများ၏အလှကို ပိုမိုပေါ်လွင်စေခဲ့ပြီး အံ့သြဖွယ်ရာ ကြည့်မဆုံးအောင်လှပနေခဲ့သည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်ကို မီးထွန်းပွဲတော်၊ မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတော်၊ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲတော်များနှင့်အတူ တေးဂီတနှင့်ဇာတ်သဘင်ဖျော်ဖြေပွဲ၊ ဈေးရောင်းပွဲတော်တို့ဖြင့် နိုဝင်ဘာလ ၂ ရက်မှ ၄ ရက်အထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပပေးခဲ့ပြီး အနယ်နယ်အရပ်ရပ်မှဘုရားဖူးလာပြည်သူများအနေဖြင့်လည်း တစ်ခဲနက်လာရောက်၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ကြည်ညိုသဒ္ဓါပွားများစွာ ဖူးမြော်ရသည့်အပြင် တန်ဆောင်တိုင်ည၏သာယာကြည်နူးဖွယ်ရာ အလှတရားများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုရသများနှင့်ဖျော်ဖြေရေးအစီအစဉ်များကိုပါ တစ်နေရာတည်းတွင် အပြည့်အဝခံစားဆင်နွှဲနိုင်ခဲ့သည့်အတွက် ကုသိုလ်တရားများဖြင့် ပြည့်နှက်နေသည့် စိတ်ကြည်နူးချမ်းမြေ့ဖွယ်ရာ ပွဲတော်ကြီးတစ်ခုအဖြစ်အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်းသိရသည်။ **မျိုးဆက်သစ်၊ ဂျိုင်းလော**

# “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားကပြည်သူ့စကား”** အစီအစဉ်မှ **“ဘယ်သူတွေ ဘယ်လိုပဲ ဖျက်လိုဖျက်ဆီးလုပ်ပါစေ မလွဲမသွေ အောင်မြင်အောင် လုပ်ဆောင်သွားမယ့် ပြည်သူတို့ရဲ့ ရွေးကောက်ပွဲ”** ခေါင်းစဉ်ဖြင့် ၅-၁၁-၂၀၂၅ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၁၂-၁၁-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် **“အကြမ်းဖက် PDF အဖွဲ့ မိုင်းခွဲဖျက်ဆီးလိုက်တဲ့ ရောဝတီတံတား(ရတနာသိင်္ဂီ)”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# တောင်ကြီးတန်ဆောင်တိုင်ပွဲတော် မီးပုံးပျံပြိုင်ပွဲများ ရက်တိုးမြှင့်ဆက်လက်ယှဉ်ပြိုင်မည်



**တောင်ကြီး နိုဝင်ဘာ ၄**

ရှမ်းပြည်နယ်၏ အထင်ကရပွဲတော်တစ်ခုဖြစ်သည့် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကို အောက်တိုဘာလ ၂၉ ရက်မှ နိုဝင်ဘာလ ၅ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း ပြည်သူများအားအသိပေးကြေညာထားခဲ့ပြီး လက်ရှိမိုးလေဝသအခြေအနေများအရ ညမီးကြီး၊ စိန်နားပန်မီးပုံးပျံများအားပြိုင်ပွဲရက်များတွင် သတ်မှတ်မီးပုံးပျံအရေအတွက်အတိုင်း လွှတ်တင်နိုင်ခဲ့ခြင်း မရှိသဖြင့် ပြိုင်ပွဲကိုနိုဝင်ဘာလ ၇ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ပြိုင်ပွဲဝင် မီးပုံးပျံပညာရှင်များ၏ ဝါသနာ၊ စေတနာ၊ ငွေကြေးနှင့်အချိန်ယူပြီး ကြိုးစားအားထုတ်ပါဝင်ယှဉ်ပြိုင်မှုများကို လေးစားအသိအမှတ်ပြုသောအားဖြင့်လည်းကောင်း၊ မီးပုံးပျံပညာရှင်များကြိုးစားအားထုတ်တီထွင်ဖန်တီးထားသည့် ညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံလက်ရာများကို ပရိသတ်ပြည်သူများ ဆက်လက်ကြည့်ရှုအားပေးနိုင်ရန်အတွက်လည်းကောင်း မီးပုံးပျံပြိုင်ပွဲကို နိုဝင်ဘာလ ၅ ရက်မှ ၇ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး နိုဝင်ဘာလ ၈ ရက်ညနေပိုင်းတွင် ပြိုင်ပွဲဝင်မီးပုံးပျံများအား ဆုချီးမြှင့်ခြင်း၊ တန်ဆောင်တိုင်ပွဲတော် ဂုဏ်ပြုစိန်နားပန်မီးပုံးပျံ၊ ညမီးကြီးမီးပုံးပျံများ လွှတ်တင်ခြင်း၊ မီးရှူးမီးပန်းအလှများလွှတ်တင်ခြင်းများဖြင့် တန်ဆောင်တိုင်ပွဲတော် ပိတ်ပွဲအခမ်းအနားအား စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကျင်းပရေးဦးစီးကော်မတီမှ သိရသည်။

အဆိုပါ ရက်တိုးမြှင့်ထားသည့် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်၊ မီးပုံးပျံပြိုင်ပွဲနှင့်အတူ နိုဝင်ဘာလ ၅ ရက်နှင့် ၆ ရက်တို့တွင် ခေတ်ပေါ်တေးဂီတ၊ မြူးကြွသည့်တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း မီးပုံးပျံပွဲတော်ပရိသတ်များသိရှိနိုင်ရန် အသိပေးကြေညာထားကြောင်းသိရသည်။

ပြည်နယ် (ပြန်/ဆက်)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E.Mr. Andrey Aleksandrovich Travnikov တို့ မီးပုံးပျံငယ်လွှတ်တင်ပူဇော်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ မီးပုံးပျံငယ်လွှတ်တင် ပူဇော်စဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E.Mr. Andrey Aleksandrovich Travnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ဆုချီးမြှင့်ပွဲအပြီးတွင် မီးရှူးမီးပန်းများပစ်ဖောက်၍ လတ်တီးတေးသီချင်းဖြင့် သီဆိုကပြနှုတ်ဆက်ဖျော်ဖြေနေမှုကိုကြည့်ရှုအားပေးစဉ်။

★ စာမျက်နှာ ၁၇ မှအဆက်

မှိုင်းခံစံချိန်အကောင်းဆုံးဆုများနှင့် မသိုးရွှေကြာသက်န်းရက်လုပ်ပူဇော်ပြိုင်ပွဲတွင် အဖွဲ့လိုက်ရက်ကန်းစင်ကိုင်တွယ်ရက်လုပ်မှု အကောင်းဆုံးဆုရရှိသည့်အသင်းတို့အားလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်က ညမီးကြီး၊ စိန်နားပန် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲတို့တွင် တတိယဆုရရှိသည့် အသင်းများအားလည်းကောင်း ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက်ကော်မရှင်ဒုတိယဥက္ကဋ္ဌက ညမီးကြီး(ညမီးကျည်)မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနကိုယ်စားပြုအသင်း၊ စိန်နားပန်မီးပုံးပျံ လွှတ်တင်ပူဇော်ပြိုင်ပွဲတွင်ဒုတိယဆုရရှိသည့်ဥပဒေရေးရာဝန်ကြီးဌာန ကိုယ်စားပြုအသင်းနှင့် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်ကိုယ်စားပြုမနောမြေရက်ကန်းစင် အသင်းတို့အားဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ညမီးကြီး(ညမီးကျည်)မီးပုံးပျံလွှတ်တင် ပူဇော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် နေပြည်တော်စည်ပင်သာယာရေးကော်မတီကိုယ်စားပြုအသင်း၊ စိန်နားပန်မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကိုယ်စားပြုအသင်းနှင့် မသိုးရွှေကြာသင်္ကန်းရက်လုပ် ပူဇော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့်မန္တလေးတိုင်းဒေသကြီးကိုယ်စားပြုအမရရွှေပြည်ရက်ကန်းစင် အသင်းတို့အားဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်ပွဲအပြီးတွင် မီးရှူးမီးပန်းများပစ်ဖောက်၍ လတ်တီးတေးသီချင်းဖြင့် သီဆိုကပြနှုတ်ဆက်ဖျော်ဖြေခဲ့ကြရာ ပြိုင်ပွဲဝင်အသင်းများမှ ရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုဗိုစီဗစ်ဒေသမှ ဧည့်သည်တော်များက အတူတကွ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြပြီး အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့သည် နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင် မီးထွန်းပွဲတော်သို့ လာရောက်ကြသူများအား ခင်မင်ရင်းနှီး



ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသမှ ဧည့်သည်တော်များ ပြိုင်ပွဲဝင်အသင်းများမှ ရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့်အတူ လတ်တီးတေးသီချင်းဖြင့် အတူတကွပျော်ရွှင်စွာပါဝင်ဆင်နွှဲကြစဉ်။

စွာဖြင့် နှုတ်ဆက်ခဲ့ကြသည်။

ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်ရှိမာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဗုဒ္ဓဥယျာဉ်တော်အတွင်း၌ တန်ဆောင်တိုင်ပွဲတော်အခါသမယအဖြစ် တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို နိုဝင်ဘာလ ၂ ရက်မှ ၄ ရက်အထိ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပြီးပွဲတော်ကာလအတွင်း ရုပ်ပွားတော်မြတ်ကြီးရင်ပြင်တော်၌ ဝတ်ရွတ်အသင်းများက ရွတ်ဖတ်ပူဇော်ခြင်း၊ ဆီမီး ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်ခြင်း၊ မီးရှူးမီးပန်းများပစ်လွှတ်ပူဇော်ခြင်း၊ အလှညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ခြင်း၊ မသိုးရွှေကြာသင်္ကန်း ရက်လုပ်ကပ်လှူပူဇော်ခြင်း၊ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း LED မီးများဖြင့်အလှဆင်ပူဇော်ခြင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းအရောင်းဆိုင်ခန်းများ၊ ဒေသထွက်မြန်မာ့ရိုးရာမုန့်ဆိုင်များ ခင်းကျင်းပြသရောင်းချခြင်းတို့နှင့်အတူ နိုင်ငံကျော်အနုပညာရှင်များကလည်း တေးဂီတနှင့် ဇာတ်သဘင်ဖျော်ဖြေပွဲများဖြင့် တင်ဆက်ခဲ့ကြပြီး စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဆီမီးထွန်းညှိပူဇော်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E.Mr. Andrey Aleksandrovich Travnikov နှင့်ကိုယ်စားလှယ်အဖွဲ့တို့ ကျောက်စာရုံစေတီတော်များအတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ညမီးကြီး (ညမီးကျည်)မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် နေပြည်တော် စည်ပင်သာယာရေးကော်မတီကိုယ်စားပြုအသင်းအား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်စဉ်။

★ **ရှေ့ဖုံးမှအဆက်**

ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E.Mr. Andrey Aleksandrovich Travnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်တာဝန်ရှိသူများ၊ မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်များတက်ရောက်ကြပြီး ဘုရားဖူးလာရဟန်းရှင်လူပြည်သူများကလည်း စည်ကားများပြားစွာ လာရောက်ကြည့်ရှုကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး အခမ်းအနားတက်ရောက်လာကြသူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးရင်ပြင်တော်ပေါ်သို့ရောက်ရှိကြရာ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မီးရှူးမီးပန်းများ ပစ်ဖောက်ပူဇော်ကြပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြသည်။

ယင်းနောက် ဆီမီးများအတူတကွ ထွန်းညှိပူဇော်၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ကြပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး တို့က သဒ္ဓါဓိပတိ ခေါင်းလောင်းတော်အား ထိုးခတ်ပူဇော်ကြကာ ဘုရားဖူးလာပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် အခမ်းအနားကျင်းပမည့် ရေပန်းရင်ပြင်တော်သို့ရောက်ရှိကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E.Mr. Andrey Aleksandrovich Travnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် စိန်နားပန်မီးပုံးပျံလွှတ်တင်မှုနှင့် ညမီးကြီးမီးပုံးပျံများ လွှတ်တင်ပူဇော် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

မီးပုံးပျံများလွှတ်တင်ရန် ပြင်ဆင်မှုများဆောင်ရွက်နေချိန်နှင့် လွှတ်တင်နေချိန်တွင် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသားရိုးရာအကအလှများ၊ ယိမ်းအကအလှများ၊ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးနှင့် ကိုယ်စားလှယ်အဖွဲ့တို့သည် ကျောက်စာရုံစေတီတော်များအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်း



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ညမီးကြီး (ညမီးကျည်)မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် တတိယဆုရရှိသည့်အသင်းအား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်စဉ်။






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E.Mr. Andrey Aleksandrovich Travnikov နှင့်ကိုယ်စားလှယ်အဖွဲ့တို့က ရုရှား-မြန်မာချစ်ကြည်ရေးအထိမ်းအမှတ်မီးပုံးပျံတွင် NOVOSIBIRSK စာသားကို လှပစွာချိတ်ဆွဲထားရှိပြီး ဝေဟင်ထက်သို့လွှတ်တင်ပူဇော်နေမှုကို ကြည့်ရှုအားပေးစဉ်။






နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ညမီးကြီး (ညမီးကျည်) မီးပုံးပျံလွှတ်တင် ပူဇော်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီး ဌာနကိုယ်စားပြု အသင်းအား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်စဉ်။

သာယာရေးကော်မရှင်ဥက္ကဋ္ဌက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာ့ရိုးရာ ဓလေ့ထုံးတမ်းစဉ်လာများ၊ ခေတ်မီနည်း ပညာများပေါင်းစပ်၍ ဗိသုကာလက်ရာ မြောက်စွာ တည်ထားကိုးကွယ်ထားရှိမှု များကို ရှင်းလင်းပြောကြားသည်။

ဎင်းနောက် ရုရှား- မြန်မာ ချစ်ကြည်ရေး အထိမ်းအမှတ်မီးပုံးပျံကို လွှတ်တင်ကြပြီး အဆိုပါမီးပုံးပျံတွင် NOVOSIBIRSK စာသားကို လှပစွာချိတ်ဆွဲထားရှိပြီး ဝေဟင်ထက်သို့ လှပစွာဖြင့် လွှတ်တင်ခဲ့ကြသည်။

ယင်းနောက် ဆုပေးပွဲအခမ်းအနားကို ကျင်းပပြုလုပ်ရာ ကော်မရှင်အဖွဲ့ဝင်များက ညမီးကြီး(ညမီးကျည်)၊ စိန်နားပန်မီးပုံးပျံ လွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာ သင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲတို့တွင် စည်းကမ်းလိုက်နာမှုအကောင်းဆုံးဆုများ နှင့် အဖွဲ့လိုက်စည်းကမ်းအကောင်းဆုံး ဆု၊ စက္ခုပသာဒအကောင်းဆုံးဆုများနှင့် အဖွဲ့လိုက် သင်္ကန်းအား ကြည်ညိုဖွယ်ရာ ဖြစ်အောင် ဖန်တီးမှုအကောင်းဆုံးဆု၊ ဆန်းသစ်တီထွင်မှု အကောင်းဆုံးဆုများ နှင့် အဖွဲ့လိုက် ဝတ်စားဆင်ယင်မှုအကောင်း ဆုံးဆု၊ မီးပုံးပျံအတက်အကောင်းဆုံးဆု များနှင့် အဖွဲ့လိုက် ချိတ်ဆက်ယှဉ်ပြိုင်မှု အကောင်းဆုံးဆု၊ မီးပုံးပျံအတက် စံချိန် အကောင်းဆုံးဆုများနှင့် အဖွဲ့လိုက်ချုပ်ရိုး ချုပ်သားအကောင်းဆုံးဆုရရှိသည့် အသင်း များအား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ် ချီးမြှင့်ကြသည်။

ထို့နောက် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ်က ညမီးကြီး (ညမီးကျည်)၊ စိန်နားပန်မီးပုံးပျံလွှတ်တင်ပူဇော် ပြိုင်ပွဲတို့တွင် မီးပုံးပျံပုံသဏ္ဌာန် အလှပဆုံး ဆုများနှင့် မသိုးရွှေကြာသင်္ကန်းရက်လုပ် ပူဇော်ပြိုင်ပွဲတွင် အဖွဲ့လိုက် ရက်လုပ်ထား သော သင်္ကန်းအထည်သားတည်ဆောက်မှု အကောင်းဆုံးဆုရရှိသည့်အသင်းတို့အား လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် အမှု ဆောင်ချုပ်က **စာမျက်နှာ ၁၅ သို့** ★



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး ညမီးကြီး (ညမီးကျည်)မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် မှိုင်းခံစံချိန် အကောင်းဆုံးဆုရရှိသည့်အသင်းအား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်း လွှာများပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော် ပြိုင်ပွဲတွင် အဖွဲ့လိုက်ရက်လုပ်ထားသော သင်္ကန်းအထည်သားတည်ဆောက်မှု အကောင်းဆုံးဆုရရှိသည့်အသင်းအား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်း လွှာများပေးအပ်ချီးမြှင့်စဉ်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing offers Mathoe golden lotus robes to Maravijaya Buddha Image




Senior General Min Aung Hlaing and Daw Kyu Kyu Hla pay homage to Maravijaya Buddha Image.

NAY PYI TAW November 4

A gala ceremony to donate Mathoe golden lotus robes to the Maravijaya Buddha Image at the 2025 Tazaungdine festival took place at the auspicious time this morning. Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing offered Mathoe golden lotus robes to the Buddha image at the ceremony.

The ceremony was also attended by Daw Kyu Kyu Hla, the wife of the Senior General, Commission Vice Chairman Vice-Senior General Soe Win and his wife Daw Than Than Nwe, Commission member and Prime Minister U Nyo Saw and his wife, Commission member and Executive Chief U Aung Lin Dway and his wife, Commission Secretary Joint Executive Chief General Ye Win Oo and his wife, commission members and their wives, Union-level dignitaries, Union ministers and their wives, the Nay Pyi Taw Council Chairman, senior military officers from the Office of the Commander-in-Chief and their wives, the commander of Nay Pyi Taw Command, officials and religious associations.

The ceremony was opened with three-time recitation of Ariya Savutthi Gatha which started with Buddha Saranam Gacchami in a choral manner. Officials from the Ministry of Religious Affairs and Culture and regions and states conveyed 15 sets of Mathoe golden lotus robes flanked by those in royal ceremonial regalia from the fountain square to the platform of the Maravijaya Buddha Image. And then, they went round the image clockwise and proceeded to the venue where the robes will be offered. Meanwhile, members of religious associations recited nine attributes of the Lord Buddha in Pali.

The fifteen sets of Mathoe golden lotus robes were folded four times and then these were kept on the golden lotus trays.

The Senior General paid homage to the Maravijaya Buddha Image and offered meals in the alms-bowl, fruits, flowers, water and oil lights. Then, the Senior General offered 15 sets of Mathoe golden lotus robes made by 15 weaving teams representing regions and states including Nay Pyi Taw Council Area.

Disciples kept these robes on the hand of the Buddha Image.

For the time being, the congregation led by the Senior General and his wife recited noble attributes of the Lord Buddha, the Pathana Pali in brief, Parittas and verses of dispersing Metta.

They all shared merits gained with celestial beings and those from 31 abodes. The ceremony came to an end with three-time recitation of "Buddha Sasanam Ciram Titthatu".

Buddhist Myanmar people weave Mathoe robes in their traditions to offer them to the pagodas in the month of Tazaungmone. Weaving the robes started in the evening of the even of full moon day. Before dawn on the full moon day, all process of making robes must be completed to offer them to the pagodas dedicating to the Lord Buddha. Such kind of ceremonies are held in various towns across the nation yearly. This year, well-wishers led by the Senior General and his wife offered Mathoe golden lotus robes to the Maravijaya Buddha Image which is the tallest carved marble Buddha image throughout the world.

**100**

# Public peacefully worship at pagodas and stupas across regions and states on Full Moon Day of Tazaungmone (Sammakkaphala Festival Day), Tazaungdine lighting festivals held



Senior General Min Aung Hlaing and Daw Kyu Kyu Hla light up oil lamps.

NAY PYI TAW November 4

Today, being the Full Moon Day of Tazaungmone, the Sammakkaphala Festival Day, one of the special and sacred days for Buddhists, the Tazaungdine Festival and Lighting Festival are held annually, preserved and handed down as a fine tradition of Myanmar culture.

On this special day, Buddhists undertake noble deeds such as observing the precepts with the Lord Buddha in mind, reciting the Patthana scriptures and protective verses, offering Kathina robes at monasteries and celebrating

**See Page - 20●●**

# Delegation led by Governor of Novosibirsk Region, Russian Federation, H.E. Mr. Andrey Aleksandrovich Travnikov pays courtesy call on Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission, Senior General Min Aung Hlaing

NAY PYI TAW November 4

A delegation led by Governor of the Novosibirsk Region of the Russian Federation H.E. Mr. Andrey Aleksandrovich Travnikov paid a courtesy call on Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing this morning.

Also present together with the Senior General were Secretary of the commission Joint Executive Chief General Ye Win Oo, Member of the commission Union Minister for Foreign Affairs U Than Swe, union ministers U Tin Oo Lwin, U Chit Swe, Dr Chaw Chaw Sein and officials and the governor was accompanied by Ambassador of the Russian Federation to Myanmar Mr. Iskander Azizov and members of the government of the region.

During the call, they frankly exchanged views on promotion of cooperation between Myanmar and Novosibirsk, pleasantness of Myanmar with high standards of cultural traditions and grandeur seen by the delegation and discussions with responsible officials during the visit, plans to relay the information about pleasantness and grandeur of Myanmar to Russian citizens after returning to Novosibirsk, continued implementation of outcomes of the discussions, implementation of instructions of Russian Federation President H.E. Mr. Vladimir Putin to promote cooperation between Myanmar, the Russian Federation and the Novosibirsk by the regional government, expansion of multi-sectoral cooperation in addition to collaboration in economic, education, health, cultural exchange and promotion of tourism sectors, plans to boost trade between Myanmar, the Russian Federation and the Novosibirsk region by mutually



Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission, Senior General Min Aung Hlaing receives Governor of Novosibirsk H.E. Mr. Andrey Aleksandrovich Travnikov.

exporting products, arrangements to mutually send cultural delegation between Myanmar and the Russian Federation including the Novosibirsk region, the success of the visit by strengthening bilateral friendship and cooperation between Myanmar, the Russian Federation and the Novosibirsk region, plans to promote bilateral cooperation, efforts to hold a multi-party democracy general election in Myanmar in the near future, measures taken to move forward on the democratic path after holding the election and support of the Russian Federation and the Novosibirsk region for the multi-party democracy general election to be held in Myanmar.

After the discussions, the Senior General and governor exchanged gifts and posed for documentary photographs.

**100**

# Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission, Senior General Min Aung Hlaing and Daw Kyu Kyu Hla watch the variety dance show staged by "Chaldony" State Song and Dance Ensemble of Novosibirsk, Russian Federation



Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission, Senior General Min Aung Hlaing and Governor of Novosibirsk H.E. Mr. Andrey Aleksandrovich Travnikov exchange commemorative gifts.



Artists of the "Chaldony" State Song and Dance Ensemble serve Senior General Min Aung Hlaing and Daw Kyu Kyu Hla with bread and salt in accord with Russian tradition.

NAY PYI TAW November 4

"Chaldony" State Song and Dance Ensemble of Novosibirsk, Russian Federation staged a variety dance show by the name "The Great Russia and Siberia" at MICC- I in Nay Pyi Taw this afternoon. Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission Senior General Min Aung Hlaing watched the show.

Also present together with

**See Page - 20►►**

►► From Page - 19

the Senior General were his wife, Daw Kyu Kyu Hla, SSPC member Prime Minister U Nyo Saw, SSPC Secretary Joint Executive Chief General Ye Win Oo and wife, SSPC members and wives, union level dignitaries, union ministers and wives, senior military officers from the Office of the Commander-in-Chief and wives, delegation members led by Governor of Novosibirsk H.E. Mr. Andrey Aleksandrovich Travnikov, departmental personnel and officials.

First the state anthems of the two nations were turned on to inaugurate the variety dance show.

In his greetings, the Senior General warmly welcomed all members of the “Chaldony” State Song and Dance Ensemble, a famous troupe from Novosibirsk.

He said it is a meaningful afternoon and an auspicious time for further enhancement of friendship and cultural cooperation between the Republic of the Union of Myanmar and the Russian Federation. The two countries established diplomatic relations based on mutual respect, understanding and cooperation in multi sectors including culture, education and arts sectors over 77 years ago.

The two have already set up firm relations in various fields including defence, education, science, technology, health and culture sectors through mutual respect, understanding and cooperation for many decades. Multi-sector cooperation between Novosibirsk and Myanmar will be further cemented.

“Excellency, I have invited you to visit Myanmar at a meeting with you during my visit to Russia in March 2025”, said the Senior General, expressing belief that Novosibirsk governor has already seen the natural beauties and cultural heritage of Myanmar with his own eyes.

He said through the “Chaldony” State Song and Dance Ensemble included in the delegation from Novosibirsk, Myanmar people can enjoy the essence of the art of Novosibirsk area and Siberian culture, and in addition, the show will help reconfirm the strong bonds of love between the two peoples.

Art expresses the culture and soul of the people. Art overcomes all barriers and unites humanity through love and sharing of the understanding of beauty, harmony and peace. Hence, today’s show is not just an exchange of culture and an entertainment program, but would be very supportive of the warm and cordial relations between the two countries.

In this regard, it should be an auspicious moment full of music, love and joy. The variety dance show has further reinforced the passion for bilateral cooperation and cordial times. The Senior General then prayed for further strengthening of good relations between Myanmar and Russia and between Novosibirsk till the coming generations.

In his greetings, the Novosibirsk governor expressed sincere thanks as he could visit the beautiful country, Myanmar, due the invitation extended to him by Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission, Senior General Min Aung Hlaing. He again expressed thanks for the hospitality toward them, the Siberians, and interest in their culture and arts. Myanmar’s richness in the deeply rooted cultural heritage is obvious and astonishing and also reveals the honesty and openness of Myanmar people. Peoples of over 100 different kinds of ethnicity are living in the territory of Russian Federation, but they all are united under the same history and same destiny.




Senior General Min Aung Hlaing and Daw Kyu Kyu Hla present a flower basket to artists of the Chaldony” State Song and Dance Ensemble, and the Novosibirsk governor, to the artists of Fine Arts Department.

The term “Chaldony” has deep relations with the nation’s history, and represents ancient Siberians, Russians and the first conquerors of Siberia. The Ensemble seriously preserves tradition, culture and customs and represents the essence of songs and musical heritage of Siberia. It will proudly stage its performances in Myanmar, he said, praying for all to be familiar with Siberian culture and arts through the highest degree of enjoyment.

The Senior General and wife and attendees enjoyed the performance of the artists of the “Chaldony” State Song and Dance Ensemble and Fine Arts Department of the Ministry of Religious Affairs and Culture.

The Ensemble staged Russian traditional songs and Siberian music and songs harmoniously based on rich classic styles and traditional styles through elegant movements. After presenting the song “Bread is everything”, artists of the Ensemble served the Senior General and wife with bread and salt in accord with Russian tradition, as an expression of thanks for the hospitality and friendship and to share the joys.

After the show, the Senior General and wife presented flower baskets to artists of the Ensemble, and the Novosibirsk governor, to the artists of Fine Arts Department.

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission, Senior General Min Aung Hlaing and the governor exchanged commemorative cultural gifts.

Artists of the Ensemble entertained the audience with the song “Lattee”, a special creation for the Republic of the Union of Myanmar, and the show came to a conclusion.

**100**

---

●● From Page - 18

the Kathina offering ceremony, and performing acts of merit like alms-giving, morality, and meditation. They also peacefully worship at pagodas, stupas, and sacred sites.

While preserving and celebrating this Myanmar cultural festival, Chairman of the State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing, along with his wife Daw Kyu Kyu Hla, Vice Chairman of the SSPC Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win and his wife Daw Than Than Nwe, SSPC member Executive Chief U Aung Lin Dway and his wife, SSPC Secretary Joint Executive Chief General Ye Win Oo and his wife, SSPC member Chief of the General Staff (Army, Navy and Air) General Kyaw Swa Lin and his wife, Union-level dignitaries and their wives, Union Ministers and their wives, and senior military officers from the Office of the Commander-in-Chief (Army) and their wives, celebrated the Tazaungmone Full Moon Sammakkaphala Festival Day and the Tazaungdine Lighting Festival with joy and delight at the Shwe Phone Pwint Pagoda in Zeyathiri Township, Nay Pyi Taw Council Area, this evening. They paid homage by lighting oil lamps and colourful decorative lights, offering flowers and water, and lighting 1,000 oil lamps at the pagoda.

Similarly, to mark the Tazaungdine Lighting Festival, the compound of the Office of the Commander-in-Chief (Army) was beautifully decorated with colourful lights on roads, buildings, and ornamental plants and trees, creating a captivating scene. Entertainment events were also held, which the families of the Office of the Commander-in-Chief (Army, Navy and Air) enjoyed with peaceful and joyful hearts.

The term “Tazaung” means torch, lamp, or oil lamp, and “Mone” means bright or luminous. Combined, the term signifies “an abundance of oil lamps shining brilliantly.” Accordingly, Tazaungdine lighting festivals, ceremonies to honour the venerable Shin Upagutta, floating light offerings, offerings of Mathoe robes, and offerings of alms-rice are held at pagodas, stupas, and sacred sites across regions and states. Members of the public came to peacefully worship, light lamps, and pay homage. The Nibbana bazaars were also crowded with people joyfully participating. In the evening, it was seen that people were peacefully and happily engaged in sharing Mei Zali salad as alms, offering food to monks, and collecting alms for monks.

Similarly, as the Tazaungdine period is a public holiday, it is reported that recreational areas, beaches, and public parks in regions and states were especially crowded with visitors, and the public celebrated the occasion of the Tazaungmone Full Moon Day with joy and delight.

**100**

# Maravijaya Buddha Image Tazaungdine lighting festival 2025, hot-air balloon releasing contest and Mathoe golden lotus weaving contest and awarding ceremony take place, Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing attends the contests and ceremonies

NAY PYI TAW November 4

The Maravijaya Buddha Image Tazaungdine lighting festival 2025, hot-air balloon releasing contest and Mathoe golden lotus weaving contest and awarding ceremony were held on a grand scale at the fountain square of the Maravijaya Buddha Park in Dekkhinathiri Township of Union Territory this evening.

The ceremony was attended by Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing and his wife Daw Kyu Kyu Hla, Commission Vice Chairman Vice-Senior General Soe Win and his wife Daw Than Than Nwe, Commission member Prime Minister U Nyo Saw and his wife, Commission member Executive Chief U Aung Lin Dway and his wife, Commission Secretary Joint Executive Chief General Ye Win Oo and his wife, commission members and their wives, Union-level dignitaries, Union ministers and their wives, delegation members led by Governor of Novosibirsk H.E. Mr. Andrey Aleksandrovich Travnikov of the Russian Federation which is currently in Myanmar during their goodwill visit, the Nay Pyi Taw Council Chairman, senior military officers from the Office of the Commander-in-Chief and their wives, the commander of Nay Pyi Taw Command and officials, contests from Nay Pyi Taw Council Area, regions and states which participated in the hot-air balloon releasing contest and the Mathoe golden lotus robe weaving contest, crowds of pilgrims, monks and people.

First, the Senior General and his wife together with attendees to the ceremony arrived at the platform of the Maravijaya Buddha Image. They offered fireworks of paying homage to the Buddha image. The Senior General and his wife offered flowers, water and oil lights to the Image.

The Senior General and his wife lit the oil lamps together and went round the Image clockwise. The Senior General and his wife beat the Saddhadhipati Bell and cordially greeted pilgrim people.

The Senior General and his wife together with the attendees went to the fountain square where they cordially greeted the delegation members led by Governor of Novosibirsk H.E. Mr. Andrey Aleksandrovich Travnikov of the Russian Federation.

Then, the Senior General, his wife and attendees watched releasing of a Seinnapan hot-air balloon and night hot-air balloons in competition.

During the preparations to release hot-air balloons and releasing the hot-air balloons, ethnic cultural troupes performed traditional dances, choral dances and songs.

The Senior General and his wife, the Governor of Novosibirsk of the Russian Federation and delegation members visited the stone inscription pagodas. The Senior General explained architectural building of the Maravijaya Buddha Image in accord with Myanmar traditions and customs and modern technologies.

Next, the hot-air balloon to mark the Russia-Myanmar friendly relations was released. The hot-air balloon was hung with the expression "NOVOSIBIRSK".

Following this, the prize-awarding ceremony was held. Commission members presented trophies, honorary cash awards, and commemorative certificates to the teams that won the best discipline awards in the Nyameegyi (Nyameekyi) and Seinnapan hot-air balloon launching competitions and the Mathoe golden lotus robe weaving competition, as well as the best team discipline award, the best visual appeal awards, the team award for the most reverently crafted robe, the best innovation awards, the team award for best costume, the best hot-air balloon ascent awards, the team award for best collaborative competition, the best hot-air balloon ascent record awards, and the team award for best seams and stitching.



Senior General Min Aung Hlaing presents trophy, honorary cash award, and commemorative certificate to the team representing the Ministry of Social Welfare, Relief and Resettlement, which won the first prize in the Seinnapan hot-air balloon launching competition.

Subsequently, the Commission Secretary Joint Executive Chief awarded trophies, honorary cash awards, and commemorative certificates to the teams that won the awards for the most beautiful hot-air balloon designs in the Nyameegyi (Nyameekyi) and Seinnapan hot air balloon launching competitions, and the team award for the best fabric structure of the woven robe in the Mathoe golden lotus robe weaving competition. The Commission member and Executive Chief awarded the teams that won the best endurance time awards and the team award for best handling and operation of the loom in the Mathoe golden lotus robe weaving competition. The Commission member and Prime Minister awarded the teams that won the third prizes in the Nyameegyi, Seinnapan hot air balloon launching, and Mathoe golden lotus robe weaving competitions with trophies, honorary cash awards, and commemorative certificates.

After that, the Commission Vice Chairman presented trophies, honorary cash awards, and commemorative certificates to the team representing the Ministry of Home Affairs, which won the second prize in the Nyameegyi (Nyameekyi) hot-air balloon launching competition; the team representing the Ministry of Legal Affairs, which won the second prize in the Seinnapan hot air balloon launching competition; and the Manaw Land Loom Association team representing Kachin State, which won the second prize in the Mathoe golden lotus robe weaving competition.

Following this, the Acting President of the Republic of the Union of Myanmar Chairman of the State Security and Peace Commission presented trophies, honorary cash awards, and commemorative certificates to the team representing the Nay Pyi Taw Development Committee, which won the first prize in the Nyameegyi (Nyameekyi) hot-air balloon launching competition; the team representing the Ministry of Social Welfare, Relief and Resettlement, which won the first prize in the Seinnapan hot-air balloon launching competition; and the Amara Shwe Pyi Loom Association team representing Mandalay Region, which won the first prize in the Mathoe golden lotus robe weaving competition.

After the prize-awarding ceremony, fireworks were set off and a farewell performance with a Lettee song was presented. Participating teams, along with traditional cultural troupes and guest delegates from the Novosibirsk Region of the Russian Federation, joyfully joined in the celebrations together. The ceremony was then successfully concluded.

Afterwards, the Senior General, along with his wife, cordially greeted the Governor and members of the delegation from the Novosibirsk Region, and those who came to attend the Light Festival at the Maravijaya Buddha Image.

It is learned that the Tazaungdine Light Festival was held from November 2 to 4 within the grounds of the Maravijaya Buddha Image in Dekkhinathiri Township, Nay Pyi Taw Union Territory. During the festival period, the event was bustling and vibrant, featuring chanting groups offering prayers on the platform of the Great Sacred Image, the offering of 9,000 oil lamps, the launching of fireworks and firecrackers, the launching of beautiful yameegyi and Seinnapan hot-air balloons, the weaving and offering of Mathoe golden lotus robes, the decorative illumination with LED lights within the Buddha Park compound, stalls selling local products, food and beverages, and consumer goods from Micro, Small, and Medium Enterprises (MSMEs), as well as stalls displaying and selling local traditional Myanmar snacks. State artists also presented performances featuring music and drama.

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမျော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူဘုရားဖူး ပြည်သူများအနက် ဦးရေ ၃ သန်းပြည့်မြောက်သည့် ဘုရားဖူးလာဆရာတော်အား ဓမ္မလက်ဆောင်ပစ္စည်းများ ဂုဏ်ပြုဆက်ကပ်လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၄

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်း၊ ရှင်လူ အများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့မှစ၍ စတင်ခွင့်ပြုပေးခဲ့ရာ ပြည်တွင်းပြည်ပမှ ဘုရားဖူးလာရောက်သူများဖြင့် နေ့စဉ်မပြတ်စည်ကားလျက်ရှိသည်။



တန်ဆောင်မုန်းလပြည့်နေ့တွင် ဘုရားဖူးလာသူပြည်သူများအနက် ဦးရေ ၃ သန်းပြည့်မြောက်သည့် ဘုရားဖူးလာဆရာတော် ဘဒ္ဒန္တကုဝေရအား တာဝန်ရှိသူတစ်ဦးက ဓမ္မလက်ဆောင်ပစ္စည်းများဂုဏ်ပြုဆက်ကပ်လှူဒါန်းစဉ်။

ထိုသို့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ရဟန်း၊ ရှင်လူအများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန် စတင်ဖွင့်လှစ်ပေးခဲ့သည့်နေ့မှစ၍ ဘုရားဖူးပြည်သူအများအပြား နေ့စဉ်လာရောက်ဖူးမြော်ကြည်ညိုကြရာ ယနေ့ ၂၀၂၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့တွင် ဘုရားဖူးလာသူပြည်သူများအနက်မှ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၊ မရွေးရွာ ဘုန်းတော်ကြီးကျောင်းတိုက်မှ သက်တော် ၃၉ နှစ်၊ ဝါတော် ၁၉ ဝါရှိ ဦးစီးပဓာန ဆရာတော် ဘဒ္ဒန္တကုဝေရသည် ဦးရေ ၃ သန်းပြည့်မြောက်သည့် ကံထူးသည့် ဆရာတော်တစ်ပါးဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြသူများအနက် ဦးရေ ၃ သန်း ပြည့်မြောက်သူအဖြစ် လာရောက်ဖူးမြော်သည့် ဆရာတော်နှင့် ဆွေမျိုးများအား ဘုရားကြီးဂေါပကအဖွဲ့မှ တာဝန်ရှိသူများက ဘုရားကြီးမုခ်ဦးတွင် ကြိုဆိုနှုတ်ဆက်ကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်အတွင်းရှိကျောက်စာရုံ စေတီတော်များ၊ အဂ္ဂါဓိပတိသာသနဒ္ဓဇမာန်တော်၊ ဂန္ဓကုဋီတိုက်များ၊ မုစလိန္ဒကန်နှင့်နဂါးရုံဘုရား၊ မာရဝိဇယကျောင်းတော်၊ သုဓမ္မာဇရပ်များအား လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ယာယီရှင်းလင်းဆောင်၌ ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက မာရဝိဇယရုပ်ပွားတော်မြတ်ကြီးနှင့် သာသနိကအဆောက်အအုံများ တည်ထားကိုးကွယ်မှုဆိုင်ရာများနှင့် ဦးရေ ၃ သန်းမြောက် ဘုရားဖူးလာ ဆရာတော်ဖြစ်လာရသည့်အကြောင်းအရင်းအား ရှင်းလင်းပြောကြားသည်။ ၎င်းနောက် **ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏လမ်းညွှန်မှုအရ** ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဦးရေ ၃ သန်းမြောက် ဘုရားဖူးလာ ဆရာတော်အား ဉာဏ်တော် ၉ လက်မအမြင့်ရှိသော စကျင်ကျောက်ဖြင့် ထုဆစ်ထားသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပုံတော်တူ ဆင်းတုတော်တစ်ဆူ၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး မှန်ပေါင်သွင်းဓာတ်ပုံတစ်ပုံ၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် သာသနိကအဆောက်အဦများဆိုင်ရာ သမိုင်းကြောင်းပါဝင်သည့် CD တစ်ချပ်နှင့် ပါဠိ၊ ရိုမန် အက္ခရာနှစ်မျိုးတို့ဖြင့် ပြုစုထားသော ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ပါဠိတော် ၅၃ ကျမ်း (၄၀)အုပ်တစ်စုံတို့ကို အမှတ်တရ ဓမ္မလက်ဆောင်အဖြစ် ဂုဏ်ပြုဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

မာရဝိဇယရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြသူများအနက် ဦးရေ ၃ သန်းပြည့်မြောက်သူ ဘုရားဖူးလာဆရာတော်၏ကြည်နူးပီတိ စကားသံများကိုလည်း ယခုလိုကြားသိရပါတယ်-

“ ဦးဇင်းကသာစည်မြို့နယ်၊ မရွေးကျေးရွာ၊ မရွေးကျောင်းတိုက်က လာရောက်ဖူးမြော်ကြည်ညိုတာဖြစ်ပါတယ်။ မမျှော်လင့်ဘူးလေ။ ဦးဇင်းရဲ့ ဒကာ၊ ဒကာမတွေကို ဘုရားဖူးသီးသန့်ပဲ လိုက်ပို့တဲ့အချိန်မှာ အခုလိုမျိုး ဦးဇင်းက ဘုရားဖူးကုသိုလ်ရှင် သုံးသန်းမြောက် ကံထူးခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ ဦးဇင်းပေးချင်တဲ့ ဓမ္မလက်ဆောင်ကတော့ “မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား” တဲ့။ မကောင်းမှုတွေကို ရှောင်ရမယ်၊ ကောင်းမှုတွေကို ဆောင်ရမယ်၊ စိတ်ကို ဖြူစင်အောင် ထားရပါမယ်။ နေပြည်တော်ကို အလည်လာရင်လည်းပဲ ဦးဇင်းက ဒီဘုရားကြီးကို ရောက်ဖြစ်တယ်။ ဘာလို့လာတာလဲဆိုရင် ဘုရားကြီးကို ဖူးလိုက်ရတာနဲ့ အလိုလိုကို စိတ်ချမ်းသာတယ်။ ပီတိတွေ ဖြစ်တယ်။ ဒါကြောင့်မို့လို့ ဦးဇင်းက နေပြည်တော်လာတိုင်းလာတိုင်းလည်း ဒီဘုရားကြီးကို ဖူးဖြစ်ပါတယ်”ဟု ဆရာတော်ကမိန့်ကြားသည်။ (၁၀၀)

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်နောက်ဆုံးနေ့ ပွဲတော်လာပရိသတ်များဖြင့် အထူးစည်ကားခဲ့

နေပြည်တော် နိုဝင်ဘာ ၄

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ တန်ဆောင်တိုင်မီးထွန်းပွဲ၊ မီးပုံးပျံလွှတ်တင်ပူဇော်ပွဲနှင့် ဈေးရောင်းပွဲတော်ကို သုံးရက်တာကျင်းပလျက်ရှိရာ ယနေ့တန်ဆောင်မုန်းလပြည့်ည ပွဲတော်နောက်ဆုံးနေ့တွင် အနယ်နယ်အရပ်ရပ်မှ ပွဲတော်လာပြည်သူများ၊ ဒေသခံပြည်သူများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများသည် အေးချမ်းပျော်ရွှင်စွာ လာရောက်ပါဝင်ဆင်နွှဲကြပြီး စေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း၊ အပြင်သည် ပွဲတော်လာ ပရိသတ်များဖြင့် အထူးစည်ကားခဲ့သည်။

“ကလေး၊ လူကြီး အားလုံး အေးအေးချမ်းချမ်း ပျော်ပျော်ပါးပါးနဲ့ တော်တော်စည်ကားပါတယ်။ မာရဝိဇယရုပ်ပွားတော်မြတ်ကြီးကို လာရောက်ဖူးမြော်ရင်း မိသားစုနဲ့အတူ ဘုရားပွဲတော်လည်ရင်း၊ မီးပုံးပျံလွှတ်တာတွေ ကြည့်ရင်းလာရောက်တာပါ။ ဒီနှစ်မှ ပထမဆုံး နေပြည်တော်တန်ဆောင်တိုင်ပွဲတော် ရောက်ဖူးတာပါ။ ဈေးရောင်းပွဲတော်မှာ ဒေသထွက်ကုန်ပစ္စည်းတွေကိုလည်း လေ့လာခွင့်ရခဲ့သလို၊ နိုင်ငံကျော် အဆိုတော်တွေရဲ့ ဖျော်ဖြေရေးအစီအစဉ်တွေ၊ အနုသုခုမ ဇာတ်သဘင်ဖျော်ဖြေရေးအစီအစဉ်တွေကြည့်ရှုခွင့်ရတဲ့အတွက် ပွဲတော်ကိုစီစဉ်ပေးတဲ့ တာဝန်ရှိသူများအားလုံးကို ကျေးဇူးတင်ပါတယ်” ဟု ကျောက်ပန်းတောင်းမြို့မှ လာရောက်လည်ပတ်သည့် ဒေါ်စမ်းစမ်းအေးက ပြောပြသည်။



ထိုသို့တန်ဆောင်တိုင်ပွဲတော်လာရောက်ကြသည့် ပြည်သူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပရိဝုဏ်အပြင်ဘက်ရှိဈေးရောင်းပွဲတော်၌ ရောင်းချလျက်ရှိသည့် ဒေသထွက်ကုန်များ၊ ဒေသအစားအစာများကိုလည်း အထူးနှစ်ခြိုက်စွာ ဝယ်ယူအားပေးလျက်ရှိသည်ကို တွေ့ရသည်။

“မကွေးပဲဆီသန့်ဆုံဆီ လာရောက်ပါဝင်ရောင်းချတာပါ။ ပွဲတော်လာဧည့်ပရိသတ်တွေက ဝယ်ယူကြပါတယ်။ တချို့က ပွဲတော်ပထမရက်ကဝယ်ယူပြီး ကြိုက်နှစ်သက်လို့ ထပ်မံလာရောက်အားပေးတာတွေလည်း ရှိပါတယ်။ အော်ဒါမှာတာလည်းရှိတယ်။ တန်ဆောင်တိုင်ပွဲတော်ဆိုပေမယ့် ဒေသထုတ်ကုန်တွေ၊ ဒေသအစားအစာတွေ ပါဝင်ရောင်းချခွင့်ပေးတဲ့အတွက် ကျွန်မတို့လို MSME လုပ်ငန်းရှင်တွေအနေနဲ့ စားသုံးသူနဲ့ တိုက်ရိုက်ထိတွေ့ ရောင်းချခွင့်ရတယ်။ Marketing တစ်မျိုးလို့လည်း ပြောလို့ရပါတယ်။ ရောင်းအားလည်းကောင်းပါတယ်” ဟု Ok သင်းရနံ့ ပဲဆီသန့်လုပ်ငန်းမှ မအေးချမ်းဖြိုးက ပြောသည်။

ဈေးရောင်းပွဲတော်တွင် ဒေသအလိုက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး ( MSME) ထုတ်ကုန်ပြခန်းများ၊ နေပြည်တော်ကောင်စီနယ်မြေမှ MSME စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ၊ One Region One Product (OROP) ထုတ်ကုန်ပစ္စည်းများ၊ EV ကားနှင့်မော်တော်ဆိုင်ကယ် အရောင်းပြခန်းအပါအဝင် ဆိုင်ခန်းပေါင်း ၃၀၈ ခန်းဖြင့် အမျိုးအစားစုံလင်စွာ ခင်းကျင်းပြသရောင်းချပေးလျက်ရှိသည်။

ထိုကဲ့သို့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသည့် ဘုရားဖူး ပြည်သူအများ စိတ်အပန်းဖြေ ပျော်ရွှင်မှုရှိစေရေးအတွက် ရဟတ်၊ ပင်လယ်ဓားပြလှေ၊ ပျော့အိ၊ ကလေးစီး ချားဝိုင်း၊ ကလေးစီး ရထားဝိုင်း၊ ကလေးစီး လှုပ်စိ၊ ကလေးစီးဒုံးစသည်ဖြင့် ကစားနည်းမျိုးစုံကို ထည့်သွင်းစီစဉ်ထားသည့်အတွက် ကလေးငယ်များက ကစားကွင်းအပြည့် ပျော်ရွှင်စွာလာရောက် ဆော့ကစားကြပြီး ကလေးငယ်များ၏လှုပ်ရှားမှုများသည် တန်ဆောင်တိုင်ပွဲတော်၏ အေးချမ်းသာယာမှုအနှစ်သာရကို ပိုမိုပေါ်လွင်စေသည်။

ထို့ပြင် ပွဲတော်လာပြည်သူများအေးချမ်းပျော်ရွှင်စွာ တန်ဆောင်တိုင်ပွဲတော်ကြီးနွှဲပျော်နိုင်ရန်၊ စိတ်အပန်းဖြေစေရန်အတွက် ပွဲတော်ကျင်းပသည့် သုံးရက်စလုံး အခမဲ့ဖျော်ဖြေရေးအစီအစဉ်များကို ထည့်သွင်းကျင်းပလျက်ရှိရာ နိုင်ငံကျော်တေးသံရှင်များ၏ ခေတ်ပေါ်တေးဂီတစတိတ်ရှိုးသည် ပွဲတော်လာလူငယ်များ၊ ကျောင်းသား၊ ကျောင်းသူများ၏ အားပေးမှုအထူးရရှိခဲ့သည်။

ထို့အတူ နိုင်ငံကျော်ဇာတ်မင်းသား ဖိုးချစ်ဇာတ်ပွဲသဘင်၏ ခေတ်မီသည့် သဘင်စင်မြင့်အပြင်အဆင်များ၊ အသံစနစ်များ၊ ခေတ်မီနည်းပညာရပ်များ၊ ဆိုင်းဝိုင်းကြီးနှင့် အနောက်တိုင်းတူရိယာများ၏မြူးမြူးကြွကြွ မြိုင်မြိုင်ဆိုင်ဆိုင်တီးခတ်မှုများကို တွဲဖက်ပံ့ပိုးပြီး ထူးခြားပြောင်မြောက်သည့် သဘင်အနုပညာဖြင့် ပေါင်းစပ်ဖျော်ဖြေတင်ဆက်မှုများက ပရိသတ်အကြိုက်တွေ့သည့်အပြင် သဘင်ချစ်ပရိသတ်များကို အပန်းဖြေစေခဲ့သည်။ **သန်းမင်းအောင်၊ ဂျိုင်းလော**

# ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၄

**ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ အတွင်းရေးမှူး(၂) နော်သဇင်တုပ်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာလ ၄ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ အတွင်းရေးမှူး(၂) နော်သဇင်တုပ်**

**မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေရှင်၊ မြန်မာနိုင်ငံသူ/သားများ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ရှေးဦးစွာ ဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်ရှင်။ ကျွန်မကတော့ ကရင်ပြည်နယ် အခြေစိုက် ကရင်အမျိုးသား ဒီမိုကရက်တစ်ပါတီဗဟို၏ အတွင်းရေးမှူး(၂) နော်သဇင်တုပ် ဖြစ်ပါတယ်ရှင်။ ကရင်အမျိုးသား ဒီမိုကရက်တစ်ပါတီ၏ သဘောထား၊ မူဝါဒနှင့် ရှေ့ဆက်လုပ်ငန်းစဉ်များကို ဖတ်ကြားပါ့မယ်ရှင်-**

ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီသည် ကရင်ပြည်နယ်အတွင်း နေထိုင်ကြသည့် မြန်မာနိုင်ငံသား တိုင်းရင်းသားမျိုးနွယ်စုများဖြစ်ကြသော ပြည်သူများအားလုံးနှင့်အတူ ပူးပေါင်းလက်တွဲကာ ကရင်ပြည်နယ်အေးချမ်းသာယာဖွံ့ဖြိုးမှုမှတစ်ဆင့် အနာဂတ်မြန်မာနိုင်ငံတော်ကြီးကို တည်ဆောက်နိုင်ရန်အတွက် ရည်ရွယ်ပါသည်။

ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီသည် ကရင်ပြည်နယ်အတွင်း အတူတကွ ယှဉ်တွဲနေထိုင်ကြသော ကရင်တိုင်းရင်းသားများ၊ အခြားသော တိုင်းရင်းသားများနှင့် မျိုးနွယ်စုများအားလုံးကို ကိုယ်စားပြုသည့် နိုင်ငံရေးပါတီဖြစ်ပါသည်။

ထို့ကြောင့် ကရင်ပြည်နယ်အတွင်း နေထိုင်ကြသော ကရင်တိုင်းရင်းသားများ၊ အခြားသော တိုင်းရင်းသားများနှင့် မျိုးနွယ်စုများအားလုံး လက်ရှိကြုံတွေ့နေရသည့် လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေးစိန်ခေါ်မှုများ၊ အခက်အခဲများအားလုံးကို လက်တွဲကာ ပူးပေါင်းအဖြေရှာနိုင်ရန်အတွက် ရည်ရွယ်၍ ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရခြင်း ဖြစ်ပါသည်။

**ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ၏နိုင်ငံရေးမူဝါဒ (၅)ချက်ကို ဖတ်ကြားပါ့မယ်ရှင်-**

၁။ တိုင်းရင်းသား (၈) မျိုးနှင့် မျိုးနွယ်စုများအကြား တန်းတူညီမျှမှုကို အခြေခံ၍ အတူယှဉ်တွဲနေထိုင်နိုင်သည့် နိုင်ငံတော်အား တည်ဆောက်သွားရန်၊

၂။ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်း၊ မည်သည့်ပါတီ တစ်ခုခု၏ ဩဇာကိုမျှ မခံယူဘဲ လွတ်လပ်စွာဖြင့် အများဆန္ဒနှင့်အညီ ဒီမိုကရေစီကျကျ ရပ်တည်သွားရန်၊

၃။ ဦးတည်ချက်နှင့် ရည်မှန်းချက်တူညီသော နိုင်ငံရေးပါတီများနှင့် မဟာမိတ်ဖွဲ့ပြီး နိုင်ငံတော် ဖွံ့ဖြိုးရေး၊ အေးချမ်းသာယာရေးဆိုင်ရာ ကိစ္စရပ်များအား ပူးပေါင်းဆောင်ရွက်သွားရန်၊

၄။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းများ လုပ်ဆောင်သွားရန်၊

၅။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင်ဖြစ်ပေါ်ပြောင်းလဲနေသော အခြေအနေအရပ်ရပ်ကို သုံးသပ်ကာ လိုက်လျောညီထွေဖြစ်စေမည့် ဘက်မလိုက်သည့် အလယ်အလတ်လမ်းစဉ်ကို ကျင့်သုံးသွားရန်တို့ ဖြစ်ပါသည်။

**ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ၏ ရှေ့လုပ်ငန်းစဉ်များကို ဖတ်ကြားပါ့မယ်-**

- ကရင်ပြည်နယ်အတွင်း နေထိုင်ကြသော ကရင်တိုင်းရင်းသားများနှင့် အခြားသော တိုင်းရင်းသားမျိုးနွယ်စု လူငယ်များ၏ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ ရေတို၊ ရေလတ်၊ ရေရှည် မူဝါဒများကို ရေးဆွဲချမှတ်ကာ အကောင်အထည်ဖော်ဆောင်သွားရန်၊
- ရွှေ့ပြောင်းလုပ်သားများ ရင်ဆိုင်နေရသော အခက်အခဲများနှင့် ပြဿနာများကို ဖြေရှင်းပေးနိုင်သည့် မူဝါဒများကို ပြည်ထောင်စုအစိုးရနှင့်အတူ ရေးဆွဲချမှတ်ကာ အကောင်အထည်ဖော်ဆောင်သွားရန်၊
- စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာကဏ္ဍများ တိုးတက်စေရေးအတွက် နည်းပညာနှင့် အရင်းအနှီးဆိုင်ရာ မူဝါဒများကို ပြည်ထောင်စုအစိုးရနှင့် ပူးပေါင်းရေးဆွဲကာ အကောင်အထည်ဖော်ဆောင်သွားရန်၊
- သဘာဝဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြစ်စေသော အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းများအတွက်မူဝါဒများကို ပြည်ထောင်စုအစိုးရနှင့် ညှိနှိုင်းရေးဆွဲကာ အကောင်အထည်ဖော်ဆောင်သွားရန်၊ ကရင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များအား သက်ဆိုင်ရာ လူပုဂ္ဂိုလ်များ/ အဖွဲ့အစည်းများ (Stakeholder) နှင့် ညှိနှိုင်းပေါင်းစပ်ကာ မူဝါဒရေးဆွဲအကောင်အထည်ဖော်ဆောင်သွားရန်၊
- ဥပဒေအရ အပြစ်ကျခံနေရသော အကျဉ်းသားများအားလုံးသည် နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများနှင့်အညီ အကျဉ်းထောင်တွင် နေထိုင်ခွင့်ရရှိနိုင်ရန်နှင့် တရားမျှတစွာဖြင့် ထိုက်သင့်သော လွတ်ငြိမ်းချမ်းသာခွင့် ရရှိစေနိုင်ရန်အတွက် ကောင်းမွန်သော မူဝါဒများကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ ရေးဆွဲချမှတ် အကောင်အထည်ဖော်ဆောင်သွားရန်၊
- ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ ကိစ္စရပ်များတွင် နိုင်ငံသားတိုင်း၏ အခွင့်အရေးအား ဖွံ့ဖြိုးတိုးတက်စေမည့် စံနှုန်းများကို အခြေခံပြီး အကောင်အထည်ဖော်ဆောင်သွားရန်၊
- နိုင်ငံတကာ သဘောတူညီချက်စာချုပ်ပါ အမျိုးသမီးများနှင့် ကလေးသူငယ်များအခွင့်အရေးဆိုင်ရာ ဂတိကဝတ်များကို တိုင်းရင်းသားရေးရာဝန်ကြီးဌာနနှင့်အတူ လက်တွဲကာ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်၊
- လက်နက်ကိုင် ပဋိပက္ခကြောင့် နေရပ်စွန့်ခွာပြည်သူများ၏ လိုအပ်ချက်များနှင့် ပြန်လည်နေရာချထားရေးဆိုင်ရာ အစီအစဉ်များကိုလည်း ပြည်ထောင်စုအစိုးရနှင့်အတူ လက်တွဲကာ ဦးစားပေးဆောင်ရွက်သွားရန်၊
- တိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်း မြေယာဆိုင်ရာ စီမံခန့်ခွဲမှုများကို အသိအမှတ်ပြုစေသော ဥပဒေများ/ မူဝါဒများကို ရေးဆွဲကာ အကောင်အထည်ဖော်ဆောင်သွားရန်၊
- လူသားအသိဉာဏ်၊ လူ့စွမ်းအင်အရင်းအမြစ်များကို အခြေခံသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ထွန်းလာစေရေးအတွက် လုပ်ဆောင်သွားရန် တို့ဖြစ်ပါသည်။

ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီသည် ကရင်ပြည်သူများ၏ လိုလားတောင့်တချက်အရ ကရင်ပြည်သူများအားလုံး အကျိုးစီးပွားကို ဖြည့်ဆည်းပေးရန် ရည်ရွယ်၍ ၂၀၁၇ ခုနှစ် မတိုင်မီကတည်းက တည်ထောင်ထားသော ကရင်ပြည်နယ်အခြေစိုက် ကရင်ပါတီ (၄) ပါတီကို ပြန်လည်ပူးပေါင်းပေးရာမှ ဖြစ်ပေါ်လာသော နိုင်ငံရေးပါတီ တစ်ခုဖြစ်ပါသည်။

ကရင်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း နေထိုင်ကြသော မြန်မာနိုင်ငံသားများ အားလုံး၏ ပိုမိုကောင်းမွန်သော အနာဂတ်ကို ပိုင်ဆိုင်နိုင်ရန်အတွက် ကြိုးပမ်းကာ အကောင်အထည်ဖော်ဆောင်သွားမည်ဟု ကတိပြုပါသည်။




- ပဋိပက္ခများချုပ်ငြိမ်းဖို့ KNDP ကိုမဲပေးစို့။
- တန်းတူညီမျှ ဖွံ့ဖြိုးဖို့ KNDP ကိုမဲပေးစို့။
- ကျွဲချိုဖားစည်နေဝန်းနီ ပြည်သူ့ဘဝမြှင့်တင်မည်။



**ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ(KNDP)၏ ဗဟိုအလုပ်အမှုဆောင် စောမင်းမင်းမြိုင်**

**ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ(KNDP)၏ ဗဟိုအလုပ်အမှုဆောင် စောမင်းမင်းမြိုင်၏ ပိုးကရင်ဘာသာဖြင့် ဟောပြောချက် (မြန်မာဘာသာပြန်)**

ချစ်ခင်လေးစားရပါသော လူကြီးမင်းများနှင့် သွေးချင်းညီအစ်ကိုမောင်နှမများအားလုံး ကျက်သရေတိုးပြီး ပြီးပြည့်စုံ၍ အေးချမ်းရွှင်သာကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

ကျွန်တော်ကတော့ ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ(KNDP)၏ ဗဟိုအလုပ်အမှုဆောင် စောမင်းမင်းမြိုင်ဖြစ်ပါတယ်။ ၂၀၂၅ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ကရင်ပြည်နယ် လှိုင်ဘွဲ့တော်၌ ဝင်ရောက်ယှဉ်ပြိုင်အရွေးခံမည်ဖြစ်ပါသည်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် ဒီမိုကရေစီ၏ အသက်သွေးကြောဖြစ်ပါသည်။ နိုင်ငံတော်ကြီးနှင့် ပြည်နယ်ခေတ်မီ တိုးတက်ရန်အတွက် အားလုံးမှပံ့ပိုးကူညီကြရမည်ဖြစ်ပါသည်။

ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ KAREN NATIONAL DEMOCRATIC PARTY (KNDP) သည် ကရင်ပါတီ လေးပါတီ ပူးပေါင်းပြီး တစ်ပါတီအဖြစ် တည်ထောင်လာခဲ့သည်မှာ ၂၀၁၇ ခုနှစ်ကတည်းက ဖြစ်ပါသည်။ ထို့ကြောင့် တိုင်းသူပြည်သားများအတွက် ဖြစ်စေ၊ ကရင်တိုင်းရင်းသားများအတွက်ဖြစ်စေ ကြိုးစားလုပ်ဆောင်ကြရမည်။

ကရင်စာပေ ယဉ်ကျေးမှုနှင့် ရိုးရာယဉ်ကျေးမှုများ၊ ကရင်လူမျိုးတို့၏ မူလရပိုင်ခွင့်နှင့် ရှေးလူကြီးများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ထားသည့် အမျိုးသားအမွေအနှစ်များ တည်တံ့ခိုင်မြဲအောင် ကြိုးစားဆောင်ရွက်သွားပါမည်။ ကရင်လူမျိုးတို့၏ နေ့ထူးနေ့မြတ်ဖြစ်သော ကရင်အမျိုးသားနှစ်သစ်ကူးနေ့၊ ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာပွဲနှင့်ကရင်အမျိုးသားနေ့ စသည့်နေ့ထူးနေ့မြတ်များကို ဖော်ထုတ်ထိန်းသိမ်းသွားပါမည်။

ရောင်ခြည်ကိုးသွယ်နှင့် ဖားစည်ကျွဲချို အမှတ်တံဆိပ်သည် KNDP ၏ အမှတ်တံဆိပ် ဖြစ်ပါသည်။ သေချာစွာမှတ်သားထားကြပါ။ ကရင်လူမျိုးကိုချစ်ပြီး KNDP ပါတီကို မြတ်နိုးတန်ဖိုးထားမည်ဆိုပါက ဂုဏ်ယူဝမ်းမြောက်မိပြီး ကျေးဇူးအထူးတင်ရှိပါသည်။ ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲတွင် ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ **စာမျက်နှာ ၂၃ သို့** ❐

# ကိုးကန့် ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၄

**ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီဥက္ကဋ္ဌဦးယန်ကျင်ကန်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို နိုဝင်ဘာလ ၄ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–**



**ကိုးကန့် ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီဥက္ကဋ္ဌ ဦးယန်ကျင်ကန်**

လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကို မောင်နှမများနှင့် မြန်မာနိုင်ငံသူ၊ နိုင်ငံသား လုပ်သားပြည်သူတစ်ရပ်လုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံနိုင်ကြပါစေလို့ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။

ကျွန်တော်ကတော့ ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီရဲ့ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်များကို ကိုးကန့်တိုင်းရင်းသားထုတစ်ရပ်လုံး နဲ့ တိုင်းရင်းသား မိဘပြည်သူ တစ်ရပ်လုံးသို့ ဖတ်ကြားတင်ပြသွားမယ့် ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီဥက္ကဋ္ဌ ယန်ကျင်ကန်ဖြစ်ပါတယ်။

**ပြည်ထောင်စုဖွား တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား –**

ကျွန်တော်တို့ရဲ့ ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီကို ၁၉၈၉ ခုနှစ် မြန်မာ့နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုပြုခဲ့စဉ်က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနဲ့အညီ သမိုင်းအစဉ်အလာကြီးမားခဲ့သည့် ကိုးကန့် အမျိုးသားခေါင်းဆောင်ကြီးများ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် စတင်ဖွဲ့စည်း ပေါ်ပေါက်တည်ထောင်လာခဲ့ရတာဖြစ်ပါတယ်။

ထိုမှတစ်ဆင့် နိုင်ငံရေးလိုအပ်ချက်အရ ပါတီကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနဲ့အညီ အကြိမ်ကြိမ်ပြန်လည်မှတ်ပုံတင်ပြီး နိုင်ငံရေးခရီးကို လျှောက်လှမ်းလာခဲ့တာဖြစ်တဲ့အတွက် နိုင်ငံရေး ဖြတ်သန်းမှုအတွေ့အကြုံများကိုလည်း အတော်အတန်ရရှိခဲ့ပြီးဖြစ်တဲ့ တိုင်းရင်းသားပါတီတစ်ရပ်ဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်မှာ ကျင်းပခဲ့တဲ့ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲမှာ လားရှိုး၊ သိန္နီ၊ ကွမ်းလုံမြို့နယ်များတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာမှာ ကွမ်းလုံမြို့နယ် ပြည်သူ့လွှတ်တော်နဲ့ ပြည်နယ်လွှတ်တော်မှာ အနိုင်ရရှိခဲ့လို့ လွှတ်တော်နိုင်ငံရေးအတွေ့အကြုံများကိုလည်း အထိုက်အလျောက်ရရှိနေပြီးတဲ့ ပါတီဖြစ်ပါတယ်။

**ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီရဲ့ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်၊ ရပ်တည်ချက်၊ မျှော်မှန်းချက်များကို တင်ပြရမည်ဆိုလျှင် –**

ကိုးကန့်တိုင်းရင်းသားများဟာ နယ်စပ်ဒေသတောင်ပေါ်နေ တိုင်းရင်းသားများဖြစ်ကြပြီး ယခုအခါ မြန်မာနိုင်ငံအနှံ့ ပျံ့နှံ့ရောက်ရှိနေထိုင်ကြသော်လည်း အများစုမှာ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးများမှာ နောက်ကျနိမ့်ပါးနေဆဲဖြစ်ပါတယ်။ ပြည်ထောင်စု တိုင်းရင်းသားများဖြစ်ကြပါသော်လည်း မိမိတို့ထမ်းရွက်ရမည့် နိုင်ငံ့တာဝန်နှင့် မိမိတို့ရရှိသင့်တဲ့ တိုင်းရင်းသားအခွင့်အရေးများကို မှန်ကန်စွာ သိမြင်နိုင်ရန် လိုအပ်နေဆဲဖြစ်ပါတယ်။

တခြားညီနောင်တိုင်းရင်းသားများနှင့်အတူ အေးအတူပူအမျှ ယှဉ်တွဲနေထိုင်သွားရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးများမှာ အသိအမြင် မှန်ကန်ရေး၊ ရရှိသင့်သည့် တိုင်းရင်းသား အခွင့်အရေးများ အပြည့်အဝရရှိရေးအတွက် နိုင်ငံရေးနည်းလမ်းများဖြင့် ဆောင်ရွက်စရာ လိုအပ်ချက်များစွာ ရှိနေသေးတဲ့ ကိုးကန့်တိုင်းရင်းသား များအတွက် ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ ပေါ်ပေါက်ရပ်တည်လာခဲ့ရတာဖြစ်ပါတယ်။

ကိုးကန့်တိုင်းရင်းသားများဟာ ပြည်ထောင်စုဖွား ညီနောင် တိုင်းရင်းသားတစ်ရပ်လုံးနဲ့အတူ ယှဉ်တွဲနေထိုင်ကြတဲ့အတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အစရှိတဲ့ လူမှုဘဝများကို မြှင့်တင်နိုင်မှသာလျှင် နိုင်ငံတော်ကို စီမံအုပ်ချုပ်နေတဲ့ နိုင်ငံတော်အစိုးရက မျှော်မှန်းဖော်ဆောင်နေတဲ့ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် နိုင်ငံတော်ကို ချီတက်လျှောက်လှမ်းရာမှာ ဝန်ထုပ်ဝန်ပိုးသဖွယ် ဖြစ်မနေစေဘဲ အခြားညီနောင် တိုင်းရင်းသားပြည်သူများနဲ့အတူ လက်ရည်တစ်ပြင်တည်း အတူ ယှဉ်တွဲရပ်တည်လျှောက်လှမ်းပြီး နိုင်ငံအတွက်တန်ဖိုးရှိတဲ့ နိုင်ငံသားအဖြစ် ရပ်တည်သွားနိုင်မှာ ဖြစ်ပါတယ်။

အထူးသဖြင့် ပြောင်းလဲလာတဲ့ မြန်မာ့နိုင်ငံရေးအခင်းအကျင်းမှာ စစ်မှန်တဲ့ ပြည်ထောင်စု စိတ်ဓာတ်၊ တည့်မတ်မှန်ကန်သည့် ပြည်ထောင်စုဖွားတိုင်းရင်းသား အမြင်နဲ့အတွေးအခေါ် အယူအဆများ ရှိကြရမှာဖြစ်ပါတယ်။

ထို့အတူ အချုပ်အခြာအာဏာပိုင်နိုင်ငံရဲ့ ဝိသေသဖြစ်တဲ့ နိုင်ငံတော်မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအပြင် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးအတွက် သာယာဝပြောပြီး လူမှုဘဝဖူလုံတဲ့ လူ့ဘောင်သစ်တစ်ရပ် ပေါ်ထွန်းဖို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနဲ့အတူ ထမ်းရွက်နိုင်ဖို့ ပါတီရဲ့ မူဝါဒလမ်းစဉ်၊ သဘောထားများကို လက်ခံယုံကြည်တဲ့ ကိုးကန့်တိုင်းရင်းသားထုတစ်ရပ်လုံးကို ကိုယ်စားပြုပြီး သမိုင်းပေးတာဝန်တစ်ရပ်အဖြစ် ထမ်းရွက်နိုင်ဖို့ ရပ်တည်နေပါကြောင်း အလေးအနက်ခံယူထားပါတယ်။

ထို့အတူ နိုင်ငံရေးကိုလည်း အဂတိတရားကင်းစွာ ရပ်တည် လျှောက်လှမ်းနိုင်ရေး အခြေခံအကြောင်းတရားများအပေါ် ခိုင်မာစွာ ရပ်တည်လျှောက်လှမ်းသွားရေးများသည်လည်း ပါတီရဲ့မျှော်မှန်းချက်များဖြစ်ပါတယ်။

အထက်တင်ပြချက်များသည် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီရဲ့ မူဝါဒ၊ သဘောထားလုပ်ငန်းစဉ်များနှင့် မျှော်မှန်းချက်များဖြစ်ကြောင်း ရိုးသားစွာတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။

ပြည်ထောင်စုဖွား ကိုးကန့်တိုင်းရင်းသားများအားလုံးနဲ့ တိုင်းရင်းသား ပြည်သူ ညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှလုံးငြိမ်းအေးကြပါစေ။

---

❒ စာမျက်နှာ ၂၃ မှအဆက်

KNDP ပါတီသည် တိုင်းရင်းသား ပြည်သူများနှင့် ကရင်လူမျိုးတို့၏ အားပေးကူညီမှုကို အထူးလိုအပ်ပါသည်။ ချစ်ခင်လေးစားရပါသော မဲဆန္ဒရှင်များ သေချာစဉ်းစား၍ မြင်အောင်ကြည့်ပြီး ယုံကြည်စိတ်ချစွာဖြင့် ကျွန်ုပ်တို့၏ KNDP ပါတီကို မဲပေးကြပါစို့......။ အောင်နိုင်ပါစေ.......

**ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ(KNDP)၏ ဗဟိုအလုပ်အမှုဆောင် စောမင်းမင်းမြိုင်၏ စကောကရင်ဘာသာဖြင့် ဟောပြောချက် (မြန်မာဘာသာပြန်)**

အေးချမ်းသာယာပြီး ကျက်သရေအပေါင်းနှင့် ပြည့်စုံပါစေ။

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးသည် နိုင်ငံတော်နှင့် ပြည်သူတို့အတွက် အရေးကြီးလှပါသည်။ ပြည်သူတို့၏ သဘောထားကို ထင်ဟပ်ပေါ်လွင်စေမည်ဖြစ်သကဲ့သို့ နိုင်ငံမှ ဆောင်ရွက်ရမည်များကိုလည်း သိရှိစေမည်ဖြစ်ပါသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို အလေးထားပြီး တလေးတစားဆောင်ရွက်ရမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်ပြည်သူများ အနေဖြင့် အမှားအယွင်းမဖြစ်စေဘဲ မှန်မှန်ကန်ကန်မဲပေးကြရမည်။ အသဲကြားက မဲတစ်ပြား၏ တန်ဖိုးကိုသိ၍ တန်ဖိုးရှိစွာ အသုံးချကြရမည်။ ကျွဲချို၊ ဖားစည်၊ နေဝန်းနီအမှတ်တံဆိပ်နှင့် ကရင်အမျိုးသား ဒီမိုကရက်တစ်ပါတီ KNDP ကို မဲပေးကြပါ။ ကရင်ပြည်နယ်အတွက်၊ ကရင်ပြည်နယ်သူ/သားများအတွက် သင်၏ဆန္ဒမဲ တစ်ပြား အလဟဿ မဖြစ်ရအောင်ကျွန်ုပ်တို့၏ KNDP ကို မဲပေးကြပါ။

ကျေးဇူးပြု၍ ထပ်မံ၍ ပြောပါမည်။ ကရင်အမျိုးသားဒီမိုကရက် တစ်ပါတီ KNDP ကို မဲပေးကြပါစို့......။

အားလုံးကျန်းမာကြပါစေ။ အရာအားလုံးအောင်နိုင်ကြပါစေ။

ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ ပေးပို့သောသီချင်း (၄)ပိုင်း စာသား

အပိုင်း(၁)

(KNDP)J [ဟေ့ ဟေ့ ဟေ့ ဟေ့ ] ၄ ဖားစည်၊ ကျွဲချို သံချိုချိုနဲ့၊ ရှေ့ဘက်ရောင်နီ ထွက်လာပြီ............. ငြိမ်းချမ်းရေးနိမိတ်၊ ငြိမ်းချမ်းခြင်း နိမိတ် မျှော်လင့်ချက်ရောင်ခြည်... ကရင်အမျိုးသားများအားထားရာသည့် ဒီမိုကရက်တစ်ပါတီ...

အပိုင်း(၂)

(သွားမယ်၊ သွားမယ်၊ ဒို့မဲသွားပေးမယ် တို့ကရင် KNDP ၊ တို့ရဲ့ အမျိုးသားကို ကိုယ်စားပြုတဲ့ ယုံကြည်ရမဲ့ ဖားစည် ကျွဲချို KNDP) J ဒို့တွေဘဝ နောက်မကျရအောင် ညီအစ်ကို မောင်နှမတွေရေ ဒါကြောင့် မဲထည့်မယ် တို့ကရင်ပါတီ ၊ ဝေး...KNDP ...

အပိုင်း(၃)

ဒို့တွေဘဝ နောက်မကျရအောင် ညီအစ်ကိုမောင်နှမတွေရေ

(ဒါကြောင့်မို့မဲထည့်မယ် တို့ကရင်ပါတီ ၊ ဝေး. .KNDP ..) ၃

အပိုင်း(၄)

တို့ညီရင်းအစ်ကို (ပိုး နဲ့ စကော) တို့ရေ၊ ရွေးကောက်ပွဲမှာ တို့ဆန္ဒရှိတဲ့အတိုင်း တို့တစ်တွေ မဲပေးကြမယ်နော်၊

ကျွဲချိုနဲ့ ဖားစည်ကိုတွေ့ရင် KNDP ပဲနော်၊ တို့ကရင်ပါတီကို တို့တစ်တွေ မဲပေးကြမယ်.. တို့ညီရင်းအစ်ကိုတွေ၊ နင်ရယ် ငါရယ်ဆိုပြီး စိတ်ဝမ်းမကွဲကြနဲ့နော်၊ KNDP ကရင်ပါတီ ကရင်အမျိုးအတွက်ပါနော်၊ အမျိုးကို ချစ်စိတ်နဲ့ KNDP ကရင်ပါတီကို မဲပေးကြစို့နော်...

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံပေါင်း ၈ နိုင်ငံမှ ပြည်ပနိုင်ငံသား ၃၈ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်စဉ်။

နေပြည်တော် နိုဝင်ဘာ ၄

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး (KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ထိုင်းနိုင်ငံသားတစ်ဦးကို မြန်မာ-ထိုင်း အမှတ်(၁) ချစ်ကြည်ရေးတံတားမှလည်းကောင်း၊ ဖိလစ်ပိုင်နိုင်ငံသား ၁၅ ဦး၊ နီပေါနိုင်ငံသား ၁၄ ဦး၊ တောင်အာဖရိကနိုင်ငံသားလေးဦး၊ ကင်မရွန်းနိုင်ငံသားတစ်ဦး၊ ဇင်ဘာဘွေနိုင်ငံသားတစ်ဦး၊ သီရိလင်္ကာနိုင်ငံသားတစ်ဦးနှင့် အီသီယိုးပီးယားနိုင်ငံသားတစ်ဦးတို့အား မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့်လည်းကောင်း စုစုပေါင်းပြည်ပနိုင်ငံသား ၃၈ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ Tak Immigration မှ Pol Capt. Ms. Khwanchutha Kaewphikul နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံးမှ Attache and Assistance to Nationals Officer Ms. Musetar C. Moso နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံရုံးမှ Second Secretary Ms. Srijana Koirala နှင့် တာဝန်ရှိသူများ၊ တောင်အာဖရိကနိုင်ငံသံရုံး၊ ကင်မရွန်းနိုင်ငံသံရုံး၊ ဇင်ဘာဘွေနိုင်ငံသံရုံး၊ သီရိလင်္ကာနိုင်ငံသံရုံးနှင့် အီသီယိုးပီးယားနိုင်ငံသံရုံးတို့မှ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ သံရုံးကိုယ်စားလှယ် Mr.Tana Judah Hira နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ နိုဝင်ဘာလ ၄ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၀၇၄၄ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၄၀၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၃၄၁ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန်အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကိုကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက်ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့်လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

# တရားမဝင် လူသုံးကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ် ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၃၀ ရက်တွင်စစ်ကိုင်းမြို့၊ ကံကြီးကုန်း** ကျေးရွာ၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၅၄)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၈၅၆၀၀၀)** ကိုဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။




ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၂ ရက်**တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ခရီးသည်တစ်ဦး၏ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း (၉)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၉၀၀၀၀၀၀)ကိုလည်းကောင်း၊ **နိုဝင်ဘာလ ၃ ရက်**တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း (၆)မျိုး၊ လူသုံးကုန်ပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၈၁၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Harrier Station Wagon (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၃၀၀၀၀၀၀၀)ကိုလည်းကောင်း **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ်၁၇၈၈၁၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

**အောက်တိုဘာလ ၃၀ ရက်နှင့်နိုဝင်ဘာလ ၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၅)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၃၆၆၆၀၀၀)ကို** ဖမ်းဆီးရမိခဲ့သည်။

ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင် တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများမှ ယခုထက်ပိုမို တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

မြဝတီ

**ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ**

၅-၁၁-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၀၅ | ၂၈၁၅ | ၂၇၈၅ | ၂၇၂၀ | ၂၈၂၅ | ၂၈၄၀ | ၂၈၅၅ | ၂၇၇၅ | ၄၅၀၅ | ၃၀၇၀ | ၂၇၉၀ | ၂၉၁၀ | ၂၈၆၅ | ၂၈၃၀ | ၂၈၅၀ | ၃၁၀၅ |
| 95 Ron | ၂၈၀၀ | ၂၉၁၅ | ၂၈၈၀ | ၂၈၁၅ | ၂၉၂၀ | ၂၉၃၅ | ၂၉၅၅ | ၂၈၇၀ | ၄၅၆၀ | ၃၁၆၅ | ၂၈၉၀ | ၂၉၉၅ | ၂၉၆၀ | ၂၉၂၅ | ၂၉၄၅ | ၃၂၀၅ |
| HSD (500 ppm) | ၂၄၅၅ | ၂၅၇၀ | ၂၅၃၅ | ၂၄၇၀ | ၂၅၇၅ | ၂၅၉၀ | ၂၆၁၀ | ၂၅၂၅ | - | ၂၈၂၀ | ၂၅၄၅ | ၃၂၃၀ | ၂၆၁၅ | ၂၅၈၀ | ၂၆၀၅ | ၂၈၆၀ |
| HSD (50 ppm) | ၂၉၉၀ | ၃၁၀၀ | ၃၀၇၀ | ၃၀၀၅ | ၃၁၁၀ | ၃၁၂၅ | ၃၁၄၀ | ၃၀၆၀ | ၄၈၃၀ | ၃၃၅၅ | ၃၀၇၅ | ၃၂၆၀ | ၃၁၅၀ | ၃၁၁၅ | ၃၁၃၅ | ၃၃၉၀ |
| HSD (10 ppm) | ၂၉၉၀ | ၃၁၀၀ | ၃၀၇၀ | ၃၀၀၅ | ၃၁၁၀ | ၃၁၂၅ | ၃၁၄၀ | ၃၀၆၀ | - | ၃၃၅၅ | ၃၀၇၅ | ၃၂၆၀ | ၃၁၅၀ | ၃၁၁၅ | ၃၁၃၅ | ၃၃၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၄၃ | ၂၆၂၇ |
| 95 Ron | ၂၆၃၇ | ၂၇၂၃ |
| HSD (500 ppm) | ၂၃၀၄ | ၂၃၇၉ |
| HSD (50 ppm) | ၂၈၂၀ | ၂၉၀၆ |
| HSD (10 ppm) | ၂၈၂၀ | ၂၉၀၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# သမိုင်းကပေးသောသင်ခန်းစာများနှင့် အနာဂတ်အတွက်မျှော်မှန်းချက်

နေလင်းသူ

သမိုင်းဆိုသည်မှာ အတိတ်မှာကျန်ခဲ့သည့် အကြောင်းအရာသက်သက်သာမကဘဲ မျက်မှောက်ခေတ်မှာ ကြုံတွေ့နေရသည့်အခက်အခဲ၊ အကျပ်အတည်းနှင့်စိန်ခေါ်မှုများအတွက် သင်ခန်းစာယူစရာ၊ တွေးဆဆင်ခြင်စရာအကြောင်းအရာများကို ပေးတတ်သည့်အရာဖြစ်သည်။ လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံအတွက် သမိုင်းကြောင်းသည် မှန်ချပ်တစ်ခုသဖွယ်ဖြစ်သည်။ ထိုမှန်ချပ်ထဲတွင် အတိတ်၏ကောင်းခြင်း၊ ဆိုးခြင်း၊ အောင်ပွဲများ၊ ဆုံးရှုံးမှုများ၊ စည်းလုံးညီညွတ်မှုနှင့် ပြိုကွဲမှုများကို ပြတ်ပြတ်သားသားမြင်နိုင်သည်။ သမိုင်းသည် မှန်ကန်သည့်အချက်အလက်များအပေါ်အခြေခံ၍ သင်ယူရမည့်ပညာရပ်ဖြစ်သည်။ မြန်မာနိုင်ငံ၏သမိုင်းကြောင်းတွင် တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုမှစတင်၍ နိုင်ငံတော်ကာကွယ်ရေး၊ စည်းရုံးရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အဓိကအခန်းကဏ္ဍမှပါဝင်သည်။ ထို့ကြောင့် တိုင်းရင်းသားပြည်သူများအနေဖြင့် သမိုင်းမှသင်ခန်းစာယူကာ မှန်ကန်သောလမ်းကြောင်းပေါ် လျှောက်လှမ်းနိုင်ရန်လိုအပ်သည်။

နိုင်ငံတကာတွင် တပ်မတော်သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပြည်ပရန်ကာကွယ်ရန်အတွက်သာတာဝန်ရှိသော်လည်း မြန်မာ့သမိုင်းဖြစ်စဉ်နှင့် ပထဝီနိုင်ငံရေးအခြေအနေ၊ အခက်အခဲအကျပ်အတည်းများကြောင့် **“အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍ”**တွင်ပါဝင်၍ တပ်မတော်မှ တာဝန်ထမ်းဆောင်ခဲ့သည်မှာ ထူးခြားသည့်သမိုင်းမှတ်တမ်းတစ်ခုပင်ဖြစ်သည်။

တပ်မတော်၏အစသည် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် တစ်ထပ်တည်းကျနေသည်။ နယ်ချဲ့ဖက်ဆစ်ကို တော်လှန်တိုက်ထုတ်ရန်အတွက် စတင်ဖွဲ့စည်းခဲ့သည့် ရဲဘော်သုံးကျိပ်မှသည် မြန်မာ့တပ်မတော်အဖြစ် အုတ်မြစ်ချခဲ့သည်အထိ အမျိုးသားရေးစိတ်ဓာတ်ဖြင့် စတင်ခဲ့ခြင်းဖြစ်သည်။ တပ်မတော်သည် မျိုးချစ်စိတ်ဓာတ်ဖြင့် ပေါက်ဖွားလာပြီး နိုင်ငံတော်နှင့်နိုင်ငံသားတို့၏အကျိုးစီးပွားကိုအခြေခံ၍ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူခဲ့သည်။

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးမကြာမီပင် မြန်မာနိုင်ငံသည်ရန်ကုန်အစိုးရဟုအခေါ်ခံရသည့်အခြေအနေသို့ ဆိုက်ရောက်ခဲ့သည်။ ရောင်စုံသောင်းကျန်းမှုများ၊ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ၊ ပြည်တွင်းပြိုကွဲမည့်အရေးအခင်းများသည် နိုင်ငံတော်ကို ဝါးမြိုမတတ်ခြိမ်းခြောက်ခဲ့သည်။ နိုင်ငံရေးခေါင်းဆောင်များအချင်းချင်း အကွဲကွဲအပြားပြားဖြစ်ပြီး နိုင်ငံတော်၏အုပ်ချုပ်ရေးယန္တရား ရပ်တန့်လုနီးပါးဖြစ်ခဲ့သည့် ၁၉၅၈ ခုနှစ် အရေးတော်ပုံ၊ ဖက်ဒရယ်မူခွဲထွက်ရေးကိစ္စများကြောင့် ၁၉၆၂ ခုနှစ်တွင် နိုင်ငံတော်ပြိုကွဲမည့်အန္တရာယ်မှကာကွယ်ရန် တပ်မတော်သည် နိုင်ငံတော်အာဏာကို မလွှဲမရှောင်သာတာဝန်ယူထိန်းသိမ်းခဲ့ရသည်။ ထိုဖြစ်စဉ်များသည် နိုင်ငံရေးတွင် တပ်မတော်သည် သမိုင်းပေးတာဝန်ကို ဝင်ရောက်ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်းကို ဓမ္မဓိဋ္ဌာန်ကျကျ ဆင်ခြင်သုံးသပ်ရန်လိုသည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကာလအတွင်း ၁၉၈၀ ပြည့်လွန်နှစ်ရောက်ရှိချိန်တွင် နိုင်ငံ့စီးပွားရေးကျဆင်းလာပြီး မှောင်ခိုဈေးကွက်ကြီးမားလာခြင်း၊ အကျင့်ပျက်ဝန်ထမ်းများကြောင့် နိုင်ငံ့ဘဏ္ဍာများဆုံးရှုံးလာခြင်း၊ ကုန်ထုတ်စွမ်းအားကျဆင်းခြင်း၊ မသမာသူ နိုင်ငံရေးသမားအချို့၏ ပယောဂနှင့် သွေးထိုးလှုံ့ဆော်မှုများကြောင့် အစိုးရအပေါ် အထွေထွေမကျေနပ်မှုများဖြစ်ပေါ်လာခြင်း၊ ပြည်ပအသံလွှင့်ဌာနများမှ အမျိုးမျိုးသောသတင်းအမှားများထုတ်လွှင့်ပြီး သွေးထိုးလှုံ့ဆော်ခြင်း၊ ပြည်သူပိုင်စက်ရုံ၊ အလုပ်ရုံများဖျက်ဆီးခံရပြီး ရဲစခန်းများအား မီးရှို့ခြင်း၊ လူသတ်ခြင်း၊ အရပ်သားပြည်သူများအား ခေါင်းဖြတ်သတ်ဖြတ်ခြင်းများဖြစ်ပေါ်လာသည်အထိ မင်းမဲ့စရိုက်လွှမ်းမိုးလာသည်။ ထို့ကြောင့်၁၉၈၈ ခုနှစ်တွင် ဆူပူမှုအရေးခင်းကြီးတစ်ရပ်ပေါ်ပေါက်လာခဲ့သည်။ အဆိုးဆုံးအခြေအနေမှာ ပြည်ထောင်စုပြိုကွဲ၍ အချုပ်အခြာအာဏာလက်လွှတ်ဆုံးရှုံးတော့မည်ဖြစ်သဖြင့် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဦးထိပ်ထားသောကြောင့် တပ်မတော်သည် ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် နိုင်ငံတော်တာဝန်အရပ်ရပ်ကို ထိန်းသိမ်းလိုက်ရသည်။ တပ်မတော်သည် ၁၉၈၈ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ အချိန်ကာလများတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်နေ့မအားညမအား ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်တာဝန်ကိုဦးဆောင်နေရသည့် တပ်မတော်အနေဖြင့် နိုင်ငံ့အကျိုးကိုသာ ရှေးရှုဆောင်ရွက်ခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့နှင့် ငြိမ်းချမ်းရေးတည်ဆောက်ပေးကာ နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ပေးခဲ့သည်။

ဒီမိုကရေစီဒုတိယသက်တမ်းကာလတွင် ပြည်ပမှဝင်ရောက်စွက်ဖက်မှုများ နိုင်ငံခြားသားအကြံပေးများဖြင့် နိုင်ငံတော်တာဝန်ကိုဆောင်ရွက်ခဲ့ပြီး တပ်မတော်၏ နိုင်ငံရေးအချက်အချာကျမှုကို ပယ်ဖျက်ရန်အတွက် တပ်မတော်ကိုမုန်းတီးစေသည့် ရေးသားပြောဆိုမှုများ၊ လှုံ့ဆော်မှုများကို တိုက်ရိုက်သို့မဟုတ် သွယ်ဝိုက်၍လုပ်ဆောင်ခဲ့ကြောင်း တွေ့ရှိခဲ့ရသည်၊ ထို့ပြင် စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် အခြားကဏ္ဍအသီးသီးတွင်လည်း လုပ်ငန်းတာဝန်ဆောင်ရွက်မှုများ အောင်မြင်အောင်ဆောင်ရွက်နိုင်ခြင်းမရှိဘဲ နိုင်ငံတော်မှာ အဘက်ဘက်မှအားနည်းခဲ့ရသည်။ ဒုတိယ ဒီမိုကရေစီအစိုးရအနေဖြင့် ၎င်းတို့၏အာဏာဆက်လက်တည်တံ့စေရန် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများပြုလုပ်ခဲ့ပြီး မဲမသမာမှုများအားဖြေရှင်းပေးရန် နိုင်ငံရေးပါတီများနှင့် တပ်မတော်မှ အကြိမ်ကြိမ်တောင်းဆိုခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးမှုမရှိဘဲ နိုင်ငံတော်အာဏာကို အဓမ္မရယူရန်ကြိုးပမ်းခဲ့သည်။ ထို့ကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်အားအရေးပေါ်အခြေအနေကြေညာ၍ နိုင်ငံတော်တာဝန်များကို မလွှဲမရှောင်သာ ဝင်ရောက်ထမ်းဆောင်ခဲ့ရခြင်းဖြစ်သည်။

သမိုင်းသည် အတိတ်၏မှတ်တိုင်များသာမက အနာဂတ်အတွက် သင်ခန်းစာများကိုလည်း ပေးစွမ်းနိုင်သည်။ မြန်မာနိုင်ငံ၏သမိုင်းကြောင်းကို ပြန်လည်ဆန်းစစ်ခြင်းဖြင့် တပ်မတော်သည် ယနေ့အချိန်အခါမှ ပေါ်ပေါက်လာသည့် တပ်မတော်တစ်ရပ်မဟုတ်ဘဲ ခေတ်အဆက်ဆက်ကတည်းက နိုင်ငံ့သမိုင်းနှင့်အတူ ယှဉ်တွဲပေါ်ထွန်းခဲ့သည် မျိုးချစ်တပ်မတော်ဖြစ်သည်။ **တပ်မတော်မှနိုင်ငံတော်အာဏာကို ထိန်းသိမ်းထားသည့်ကာလများတွင် ဆန့်ကျင်ဘက်အဖွဲ့အစည်းများသည် တပ်မတော်၏ပုံရိပ်ကိုကျဆင်းစေရန်နှင့် စည်းလုံးညီညွတ်မှုပျက်ပြားစေရန်ရည်ရွယ်၍ သတင်းအမှားများ ဖြန့်ဝေလျက်ရှိသည်။ ထိုသို့သောလုပ်ရပ်များသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ထိခိုက်စေပြီး ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် အဟန့်အတားဖြစ်စေသည်။ ထို့ကြောင့် သတင်းအချက်အလက်များနှင့်ပတ်သက်၍ ဓမ္မဓိဋ္ဌာန်ကျကျ ခွဲခြားသုံးသပ်နိုင်ရန်လိုအပ်သည်။ ဓမ္မဓိဋ္ဌာန်ကျသည့် အမြင်ဆိုသည်မှာ သတင်းအချက်အလက်များကို မှန်ကန်စွာစိစစ်ခြင်း၊ သမိုင်းဆိုင်ရာအထောက်အထားများနှင့် ယှဉ်တွဲဆင်ခြင်ခြင်းနှင့် ဘက်လိုက်မှုကင်းစွာ သုံးသပ်ခြင်းတို့ဖြစ်သည်။**

တပ်မတော်သည် မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းတွင် ရရှိပြီးသောလွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာမဆုံးရှုံးရလေအောင် အသက်၊ သွေး၊ ချွေးပေါင်းမြောက်မြားစွာ ပေးဆပ်ခဲ့ရပြီးဖြစ်သည်။ နိုင်ငံရေးရေစီးကြောင်းတွင်လည်း အနေအထားအမျိုးမျိုးဖြင့် လိုက်ပါလာခဲ့ရပြီးဖြစ်သည်၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် ရှေ့တန်းစခန်းအသီးသီး၊ နယ်မြေအသီးသီးတွင် သူရသတ္တိရှိစွာဖြင့် ရန်သူများကိုချေမှုန်းခဲ့ကြသလို နိုင်ငံတည်ဆောက်ရေး၊ ဖွံ့ဖြိုးရေးတာဝန်များတွင်လည်း ပီပီပြင်ပြင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြပြီးဖြစ်သည်။ အထူးသဖြင့် နိုင်ငံ့လွတ်လပ်ရေးမဆုံးရှုံးအောင် ကာကွယ်စောင့်ထိန်းခဲ့သည်ကို အမှန်ကိုအမှန်အတိုင်း၊ အရှိကိုအရှိအတိုင်း မြင်တတ်၊ သိတတ်သူများအနေဖြင့် တပ်မတော်၏ဆောင်ရွက်ချက်များကို ကြိုဆိုလက်ခံခဲ့ကြပြီး အဆိုးမြင်ဝါဒီများနှင့် ဆန့်ကျင်ဘက်အဖျက်သမားများသည် နိုင်ငံတော်အား အမျိုးမျိုးအဖုံဖုံ နှောင့်ယှက်နေသည်ကို တွေ့ရမည်ဖြစ်သည်။

ယနေ့ခေတ် ဆန့်ကျင်ဘက်အဖျက်သမားများ၊ အဆိုးမြင်ဝါဒီများ၏ သတင်းအမှားများဖြန့်ဝေခြင်းနှင့် မျက်ကန်းအမုန်းတရားလှုံ့ဆော်မှုများသည် တိုင်းရင်းသားပြည်သူများအကြား စည်းလုံးညီညွတ်မှုကိုပြိုကွဲစေရန် ခြိမ်းခြောက်နေသည်။ အသိဉာဏ်ကင်းမဲ့မှုမှဖြစ်ပေါ်လာသော အမုန်းတရားသည် အမျိုးသားရင်ကြားစေ့ရေးနှင့်ငြိမ်းချမ်းရေးအတွက် အကြီးမားဆုံးအတားအဆီးဖြစ်သည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် သတင်းအချက်အလက်များကို ဓမ္မဓိဋ္ဌာန်ကျကျစိစစ်သုံးသပ်ရန် လွန်စွာအရေးကြီးသည်။ လူတစ်ယောက် သို့မဟုတ် အုပ်စုတစ်စုကို ဘာကြောင့်မုန်းမသိ ခိုင်မာသည့်အကြောင်းပြချက်မရှိမုန်းတီးနေခြင်းမှာ အကြောင်းမဲ့မုန်းတီးခြင်းဖြစ်သည်။ ဘာကြောင့်မုန်းရမည်မှန်းမသိ တစ်ဆင့်စကားတစ်ဆင့်နားဖြင့် ကြားရသည့်သတင်းမှား၊ အယူအဆများကြောင့်လည်း မုန်းတတ်ကြသည်။ အကျိုးသင့်အကြောင်းသင့်စဉ်းစားရန် သူတို့တွင် အသိပညာမရှိသောကြောင့်လည်း ဖြစ်နိုင်သည်။ တစ်နည်းအားဖြင့် မှိုင်းမိပြီးမုန်းခြင်းလည်းဖြစ်သည်။ အကြောင်းမသိဘဲ အကြောင်းမဲ့သက်သက်မုန်းတီးခြင်းမှာအလွန်ဆိုးသည်။ ထိုမုန်းတီးခြင်းမျိုးမှာ အသိဉာဏ်ကင်းမဲ့ခြင်းကြောင့် ဖြစ်ပေါ်လာသော အမုန်းတရားဖြစ်သည်။

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် တိုင်းရင်းသားအားလုံးစည်းလုံးညီညွတ်မှုသည် လွန်စွာအရေးပါသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်လည်းဖြစ်သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် လက်ရှိဖြစ်ပွားနေသည့် ပဋိပက္ခများအားလျှော့ချရန်နှင့် အမျိုးသားရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေး၊ နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်လည်းဖြစ်သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် လူမျိုးရေး၊ ဘာသာရေး၊ ဒေသဆိုင်ရာကွဲပြားမှုများထက် နိုင်ငံတော်အပေါ်သစ္စာစောင့်သိသော “အမျိုးသားရေးစိတ်ဓာတ်”ကို တည်ဆောက်ရာတွင် အရေးပါဆုံးအခန်းကဏ္ဍမှ ပါဝင်သည်။

သမိုင်းကြောင်းကို မှန်ကန်စွာသိရှိခြင်းသည် အနာဂတ်အတွက် မှန်ကန်သောလမ်းကြောင်းကို ရွေးချယ်နိုင်ရန်အထောက်အကူပြုသည်။ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်ဆိုသည့် စကားရပ်သည် လက်ရှိနိုင်ငံတကာဖြစ်စဉ်များအရ ပိုမိုအရေးပါလာသည်။ **အနာဂတ်အတွက် မျှော်မှန်းချက်အရ နိုင်ငံတော်သည် မှန်ကန်သောဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိရန်အတွက် ရွေးကောက်ပွဲသည်သမိုင်းကပေးသောသင်ခန်းစာအရ မဖြစ်မနေကျင်းပရမည့် အခြေခံလိုအပ်ချက်လည်းဖြစ်သည်။ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တည်ငြိမ်၍ တရားမျှတသည့် ရွေးကောက်ပွဲကို ကျင်းပခြင်းဖြင့်သာ နိုင်ငံရေးထွက်ပေါက်ကို ရှာဖွေနိုင်မည်ဖြစ်ပြီး ပြည်သူလူထု၏ဆန္ဒကိုဖော်ဆောင်နိုင်မည်ဖြစ်သည်။**

ခေတ်အဆက်ဆက် နိုင်ငံတော်အတွက် အသက်၊ သွေး၊ ချွေးများကိုပေးဆပ်ကာကွယ်ခဲ့သော မျိုးချစ်တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံးတို့၏ စည်းလုံးညီညွတ်မှုဖြင့်သာ ငြိမ်းချမ်း၊ တည်ငြိမ်၊ ဖွံ့ဖြိုးတိုးတက်သည့်အနာဂတ်ပြည်ထောင်စုနိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရသည်။ ။

> ❖ **အနာဂတ်အတွက် မျှော်မှန်းချက်အရ၊ နိုင်ငံတော်သည် မှန်ကန်သောဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိရန်အတွက် ရွေးကောက်ပွဲသည် သမိုင်းကပေးသောသင်ခန်းစာအရ မဖြစ်မနေကျင်းပရမည့် အခြေခံလိုအပ်ချက်လည်းဖြစ်သည်။ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တည်ငြိမ်၍တရားမျှတသည့် ရွေးကောက်ပွဲကိုကျင်းပခြင်းဖြင့်သာ နိုင်ငံရေးထွက်ပေါက်ကို ရှာဖွေနိုင်မည်ဖြစ်ပြီး ပြည်သူလူထု၏ဆန္ဒကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။**

# ရှေ့တန်းစစ်မျက်နှာများတွင် ရှုပ်ရှုပ်ချုံချုံတိုက်ပွဲဝင်ပြီး အောင်ပွဲအလီလီရယူနိုင်ခဲ့သော အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးညွန့်ဝင်းဆွေ အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား အောင်သပြေခက်ကမ်း၍ ပန်းကုံးစွပ်ပြီး ဂုဏ်ပြုကြိုဆိုစဉ်။



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့်တာဝန်ရှိသူများက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား အောင်သပြေခက်ကမ်း၍ ပန်းကုံးစွပ်ပြီး ဂုဏ်ပြုကြိုဆိုစဉ်။

**နေပြည်တော် နိုဝင်ဘာ ၄**

ရှေ့တန်းစစ်မျက်နှာများတွင် ရှုပ်ရှုပ်ချုံချုံတိုက်ပွဲဝင်ပြီး အောင်ပွဲအလီလီ ရယူနိုင်ခဲ့သော အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့နံနက်ပိုင်းတွင် နယ်မြေခံတပ်၌ ကျင်းပပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံ တိုင်းရင်းသားပြည်သူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် အရာရှိ စစ်သည်၊ မိသားစုဝင်များက အောင်သပြေခက်ကမ်း၍ ပန်းကုံးစွပ်ပြီး အိုးစည် ဒိုးပတ်၊ အတီးအမှုတ်အကအခုန်များဖြင့် သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

ထို့နောက် အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုတွေ့ဆုံပွဲကို ဘားအံမြို့၊ နယ်မြေခံတပ်ခန်းမ၌ ပြုလုပ်ရာ ဒုတိယဗိုလ်ချုပ်ကြီးညွန့်ဝင်းဆွေနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးတို့က အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

၎င်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေနှင့် ကရင်ပြည်နယ်ဝန်ကြီးချုပ်တို့သည် အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြသည်။

အလားတူ နိုဝင်ဘာလ ၃ ရက်ညနေပိုင်းတွင်လည်း ရှေ့တန်းစစ်မျက်နှာများတွင် ရှုပ်ရှုပ်ချုံချုံတိုက်ပွဲဝင်ပြီး အောင်ပွဲအလီလီ ရယူနိုင်ခဲ့သော အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ အင်းတိုင်ကျေးရွာ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ပြည့်စုံလင်းနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အနုပညာရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြပြီး ရှေ့တန်းပြန်တပ်မတော်သားများအား အောင်သပြေခက်ကမ်း၍ ပန်းကုံးစွပ်ပြီး အိုးစည်ဒိုးပတ်၊ အတီးအမှုတ်အကအခုန်များဖြင့် သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်က အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

## ၄-၁၁-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ (၅,၉၇၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**




**ပျောက်ဆုံးကြောင်း**
နော်လှသန်း(ဘ)ဦးမြအေး ၃/ကကရ(နိုင်)၁၂၅၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(MA 906802)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
မိစုစုလွင်(ဘ)ဦးသိန်းလွင် ၃/ဘအန(နိုင်)၁၂၀၇၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 081973)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
လင်းဘုန်းခန့်ကျော်(ဘ)ဦးကျော်သူ ၅/ကလထ(နိုင်)၂၇၈၈၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
နန်းခမ်းလီ(ဘ)ဦးစိုင်းကော် ၁၃/နစန(နိုင်)၀၇၃၄၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ထက်ထက်အောင်(ဘ)ဦးသိန်းဇော် ၁၂/ဒဂမ(နိုင်)၀၃၄၀၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
မင်းရှုမြတ်(ဘ)ဦးတင်လှ ၃/ဘအန(နိုင်)၁၂၀၈၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 081379)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
ရန်လင်းထွန်း(ဘ)ဦးကျော်ဝင်းနိုင် ၉/မလန(နိုင်)၁၉၄၆၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 573391)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
အေးအေးမာ(ဘ)ဦးမြကျော် ၁၂/တကန(နိုင်)၁၈၈၉၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
မြင့်သီတာဦး(ဘ)ဦးတင်ရွှေ ၁၀/သဖရ(နိုင်)၀၉၅၂၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
မင်းသန်းထိုက်(ဘ)ဦးဝင်းစိုး ၈/မဘန(နိုင်)၁၇၆၀၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 293526)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

**ပျောက်ဆုံးကြောင်း**
ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နေ ဦးသိန်းထိုက်(ဘ)ဦးသန်းအောင် ၇/ရကန(နိုင်)၀၅၄၄၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 933722) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၂၁၅၆၁၂၅

**ပျောက်ဆုံးကြောင်း**
ပဲခူးမြို့၊ မယင်းကျေးရွာနေ စည်သူ(ဘ)ဦးစန်းဝင်း ၇/ပခန(နိုင်)၂၆၄၅၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၈၁၂၇၀၀၉

**ပျောက်ဆုံးကြောင်း**
နှင်းသဇင်ဖူး(ဘ)ဦးတင်နိုင်ထွန်း ၆/မမန(နိုင်)၁၇၄၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 133589)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

**ပျောက်ဆုံးကြောင်း**
အောင်သိန်းထွန်း(ဘ)ဦးသန်းငွေ ၅/မမန(နိုင်)၀၅၈၁၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**စာပေမြင့်မှ လူမျိုးတင့်မည်**

**ပျောက်ဆုံးကြောင်း**
အောင်ကျော်မိုး(ဘ)ဦးမြင့်ဆွေ ၁၂/ခရန(နိုင်)၁၅၃၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဇာနည်မင်းထိုက်(ဘ)ဦးသောင်းမြင့် ၁၂/ဒဂတ(နိုင်)၀၁၁၄၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော

သဘာဝအစစ်မို့ အရသာထူး မိတ်ရွှင်ကြည်နူး....

ရွှေဖီဦး BLACK TEA (နှောင်တရား)ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။

(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး



ရွှေဖီဦး




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။

DENTIST RECOMMENDED

FDA အမှတ်-2212 PCE 0013

ထာဝရလှပသော အပြုံးအတွက်

DENTOMEC




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




မြဝတီစက်သုံးဆီဖြန့်ဖြူးရောင်းချရေးလုပ်ငန်း




အရည်အသွေးမှန်၊ အရေအတွက်မှန်၊ ကောင်းမွန်သော ဝန်ဆောင်မှုတို့ဖြင့်

ရန်ကုန်၊ ကျောက်တံခါး၊ ပဲနွယ်ကုန်း၊ ဖြူး၊ နေပြည်တော်၊ သာစည်၊ ကျောက်ဆည်၊ မန္တလေး၊ ကျောက်မဲ၊ ပြင်ဦးလွင်၊ ပခုက္ကူ၊ အောင်လံ၊ ပြည်၊ ဝါဇီတို့တွင် လွတ်လပ်စွာ ဝယ်ယူနိုင်ပါသည်။

ဖုန်း။ ၀၅၅-၀၁-၅၃၆၅၅၇၊ ၅၃၁၁၂၈၊ ၅၃၁၁၂၉

# (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

( က ) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

( ခ ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့်ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

( ဂ ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ အများအပြားကိုဖြစ်စေထည့်သွင်းဖွဲ့ဆိုရေးသားနိုင်ပါသည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

( က ) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

( ခ ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

( ဂ ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

( ဃ ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

( င ) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

( က ) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

( ခ ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

( ဂ ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို(အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

( ဃ ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

( င ) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍ သတ်မှတ်ချက်များ**

( က ) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့်ညီညွတ်ရမည်။

( ခ ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

( ဂ ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

( ဃ ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

( င ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

( စ ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu Font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| ( က ) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| ( ခ ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| ( ဂ ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| ( ဃ ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| ( င ) | ပဉ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| ( က ) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| ( ခ ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| ( ဂ ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| ( ဃ ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| ( င ) | ပဉ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| ( က ) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| ( ခ ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| ( ဂ ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| ( ဃ ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| ( င ) | ပဉ္စမဆု | ၁၅၀,၀၀၀ ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| ( က ) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| ( ခ ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| ( ဂ ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| ( ဃ ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| ( င ) | ပဉ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| ( က ) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| ( ခ ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| ( ဂ ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| ( ဃ ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| ( င ) | ပဉ္စမဆု | ၁၅၀,၀၀၀ ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| ( က ) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| ( ခ ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| ( ဂ ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| ( ဃ ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| ( င ) | ပဉ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| ( က ) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| ( ခ ) | ဒုတိယဆု | ၆၀၀,၀၀၀ ကျပ် |
| ( ဂ ) | တတိယဆု | ၅၀၀,၀၀၀ ကျပ် |
| ( ဃ ) | စတုတ္ထဆု | ၄၀၀,၀၀၀ ကျပ် |
| ( င ) | ပဉ္စမဆု | ၃၀၀,၀၀၀ ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| ( က ) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| ( ခ ) | ဒုတိယဆု | ၇၀၀,၀၀၀ ကျပ် |
| ( ဂ ) | တတိယဆု | ၆၀၀,၀၀၀ ကျပ် |
| ( ဃ ) | စတုတ္ထဆု | ၅၀၀,၀၀၀ ကျပ် |
| ( င ) | ပဉ္စမဆု | ၄၀၀,၀၀၀ ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အဖွဲ့ဝင် အမျိုးသား ၃ ဦး ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်

နေပြည်တော် နိုဝင်ဘာ ၄

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်းရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အဖွဲ့ဝင် အမျိုးသား ၃ ဦးတို့သည် နိုဝင်ဘာလ ၃ ရက်တွင် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာခဲ့ကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အဖွဲ့ဝင်များသည် အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အချင်းချင်းဗိုလ်ကျနိုပ်စက်၍ ဖိနှိပ်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရပြီး အသေခံရမည့်နေရာများတွင်သာ လုပ်ဆောင်စေခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ လမ်းတံတားများ၊ နေအိမ်အဆောက်အအုံများအားမိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်းတို့အပြင် နိုင်ငံတော်နှင့်တပ်မတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ငြိမ်းချမ်းစွာ နေထိုင်လိုခြင်းတို့ကြောင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသည့် PDF အဖွဲ့ဝင် ၃ ဦးတို့အား တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို နိုဝင်ဘာလ ၃ ရက် နံနက်ပိုင်းတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသည့် အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။




ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးထံ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အဖွဲ့ဝင်တစ်ဦးက ၎င်းနှင့်အတူပါရှိလာသည့် လက်နက်/ခဲယမ်းများအား လွှဲပြောင်းအပ်နှံစဉ်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက တရားဥပဒေပုဒ်မများနှင့်ပတ်သက်၍ အသိပညာပေးရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူပါရှိလာသည့် M-16 သေနတ် ၂ လက်၊ M-4 သေနတ် ၁ လက်၊ လက်လုပ်မိုင်း ၂ လုံးနှင့် ခဲယမ်းများကို လွှဲပြောင်းအပ်နှံရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသည့် PDF အဖွဲ့ဝင် ၃ ဦးအား ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးသည်။ ၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

## မြန်မာအသင်းယှဉ်ပြိုင်မည့် အာရှဖလား ယူ-၁၇ ခြေစစ်ပွဲ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၄

မြန်မာ ယူ-၁၇ လူငယ်လက်ရွေးစင်အသင်းယှဉ်ပြိုင်မည့် ၂၀၂၆ အာရှဖလား ယူ-၁၇ ခြေစစ်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။

အာရှဖလား ယူ-၁၇ ခြေစစ်ပွဲကို အုပ်စုခုနစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းပါဝင်သော အုပ်စု(G)ပွဲစဉ်များကို နိုဝင်ဘာလ ၂၂ ရက်မှ ၃၀ ရက်အထိ ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။ ခြေစစ်ပွဲကျင်းပမည့်ပုံစံအရ အုပ်စုတစ်ခုစီမှ ထိပ်ဆုံးတစ်သင်းစီသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ မြန်မာအသင်းသည် ခြေစစ်ပွဲတွင် အိုမန်၊ အာဖဂန်နစ္စတန်၊ ဆီးရီးယား၊ နီပေါ အသင်းတို့နှင့် တစ်အုပ်စုထဲကျရောက်နေပြီး တစ်နေ့လျှင် နှစ်ပွဲနှုန်းကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် နိုဝင်ဘာလ ၂၂ ရက်တွင် အာဖဂန်နစ္စတန်အသင်း၊ နိုဝင်ဘာလ ၂၄ ရက်တွင် နီပေါအသင်း၊ နိုဝင်ဘာလ ၂၈ ရက်တွင် အိုမန်အသင်း၊ နိုဝင်ဘာလ ၃၀ ရက်တွင် ဆီးရီးယားအသင်းတို့နှင့်ကစားရမည်ဖြစ်သည်။

မြန်မာ ယူ-၁၇ လူငယ်လက်ရွေးစင်အသင်းကို နည်းပြချုပ်အဖြစ် ဦးကျော်ဇေယျက ကိုင်တွယ်နေပြီး ကစားသမားများ အတွေ့အကြုံရစေရန် ပြည်တွင်းလူငယ်လိဂ်ဖြစ်သော MNL ယူ-၂၁ လိဂ်ပြိုင်ပွဲတွင် Falcon အသင်းအမည်ဖြင့် ယှဉ်ပြိုင်ခဲ့သည်။ ထို့ပြင် နောက်ဆုံးပြင်ဆင်မှုအဖြစ် အောက်တိုဘာလ ၂၈ ရက်မှ နိုဝင်ဘာလ ၂ ရက်အထိကျင်းပသော ထိုင်းဖိတ်ခေါ်ယူ-၁၇ ပြိုင်ပွဲ ယှဉ်ပြိုင်ရာ တတိယဆုရရှိခဲ့ကြောင်း သိရသည်။

ကိုညီလေး

## ကျောက်ဆည်မြို့နယ် သင်ပျိုကျေးရွာ၌ တစ်နိုင်တစ်ပိုင် စိုက်ပျိုးထားသည့် ရုံးပတီစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

ကျောက်ဆည် နိုဝင်ဘာ ၄


မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် သင်ပျိုကျေးရွာ၌ တစ်နိုင်တစ်ပိုင် စိုက်ပျိုးထားသော ရုံးပတီစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး ခူးဆွတ်ရောင်းချရာတွင် ဈေးကောင်းရသဖြင့် စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ရုံးပတီသည် စိုက်ပျိုးစရိတ်သက်သာသည့်အတွက် မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးနိုင်သည့် သီးနှံတစ်မျိုးဖြစ်သည်။ ရုံးပတီသည် စိုက်ပျိုးပြီးရက်ပေါင်း ၉၀ ကျော်ပါက စတင်ခူးဆွတ်နိုင်ပြီး အောင်မြင်ဖြစ်ထွန်းပါက တစ်ရက်ခြား ခူးဆွတ်ရောင်းချရကြောင်း၊ ရုံးပတီတစ်ဧကစိုက်ပျိုးပါက စတင်ခူးဆွတ်ချိန်တွင် ၁၅ ပိဿာခန့်ရရှိပြီး ရောင်းချရာတွင် ဈေးကောင်းရသဖြင့် မိသားစုစားဝတ်နေရေးအဆင်ပြေလျက်ရှိကြောင်း သင်ပျိုကျေးရွာမှ တောင်သူ ဦးထွန်းကျော်အောင်ကပြောသည်။

ရုံးပတီသည် ရေကြိုက်နှစ်သက်သည့်အတွက် အစိုဓာတ်မပြတ် ရေသွင်း၊ ရေထုတ်လွယ်ကူစေရန် မြေပေါင်များပြုလုပ်ကာ တစ်ပင်နှင့်တစ်ပင် တစ်တောင်ခန့်အကွာတွင် အစေ့တိုက်ရိုက်ချစိုက်ပျိုးရကြောင်း၊ အပင်ငယ်ချိန် လိုအပ်သည့်အချိန်များတွင် မြေဆွခြင်း၊ ပေါင်းမြက်ရှင်းလင်းခြင်းများပြုလုပ်ပေးရပြီး ဖျက်ပိုးကြိုက်သည့်သီးနှံဖြစ်သည့်အတွက် ပိုးမွှားကာကွယ်နှိမ်နင်းခြင်းများ အလေးထားဆောင်ရွက်ရကြောင်း၊ ရေသွင်းသည့်အခါ သင့်တင့်စွာမြေသြဇာကျွေးပေးခြင်းများ ပြုလုပ်ပေးပါက အပင်များအောင်မြင်ဖြစ်ထွန်း၍ အသီးအထွက်နှုန်းကောင်းမွန်ကြောင်းသိရသည်။

သက်မောင်(ကျောက်ဆည်)

## မိုးလေဝသ သတင်း




နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး (၃၆)ကြိမ်မြောက် မသိုးမြတ်သင်္ကန်းတော် ကပ်လှူပူဇော်ပွဲကျင်းပ

မန္တလေး နိုဝင်ဘာ ၄

မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား (၃၆) ကြိမ်မြောက် မသိုးမြတ်သင်္ကန်းတော် ရက်လုပ်လှူဒါန်းပူဇော်ပွဲကို တန်ဆောင်မုန်းလပြည့်နေ့ ယနေ့နံနက်ပိုင်းတွင် မဟာမုနိဘုရားကြီး၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ရက်ကန်းပညာရှင်အဖွဲ့များနှင့် စက်ချုပ်ပညာရှင်အဖွဲ့များ၊ လုပ်အားဒါနပြုကြသူများ၊ ဘုရားဖူးပြည်သူများ တက်ရောက်ကြည်ညိုကြသည်။



ဦးစွာ နံနက်အရုဏ်ဦးအချိန်တွင် ရေတော်ဆရာတော်နှင့် မဟာမုနိဝေယျာဝစ္စအဖွဲ့တို့က မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား အမွှေးနံ့သာရည်များဖြင့် မျက်နှာသစ်တော်ရေသပ္ပာယ်ကာ ရောင်တော်ဖွင့်၍ ဆွမ်းခဲဖွယ်၊ ဘောဇဉ်၊ ပန်း၊ ရေချမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ကပ်လှူပူဇော်ရန် နေ့ချင်းပြီး ရက်လုပ်ထားသော တဘက်တော်၊ မသိုးမြတ်သင်္ကန်းတော်၊ သင်းပိုင်သင်္ကန်းတော်များကို ရေတော်ဆရာတော်အမှူးပြု၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဂေါပကအဖွဲ့၊ ဝေယျာဝစ္စအဖွဲ့၊ ရက်ကန်းပညာရှင်များအဖွဲ့နှင့် စက်ချုပ်ပညာရှင်များအဖွဲ့က မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား လှည့်လည်ပူဇော်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များက မသိုးမြတ်သင်္ကန်းတော်ကို လွှမ်းခြုံကပ်လှူပူဇော်လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက မသိုးမြတ်သင်္ကန်း ရက်လုပ်ခဲ့ကြသည့် ရေကြည်ပေါက်ကျေးရွာ၊ အုန်းတောကျေးရွာ၊ အင်းလေးဒေသ စသည့် ရက်ကန်းပညာရှင်များအဖွဲ့နှင့် ကိုးလုံးတကာ ရက်ကန်းပညာရှင်၊ စက်ချုပ်ပညာရှင်အဖွဲ့၊ မဟာမုနိဝေယျာဝစ္စအဖွဲ့တို့ကို ဂုဏ်ပြုငွေများနှင့် မှတ်တမ်းလွှာများ ချီးမြှင့်ခဲ့ကြောင်းသိရသည်။

မြဝတီ

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ရေကြောင်းလုံခြုံရေးပင်လယ်ပြင်လေ့ကျင့်ခန်း (Maritime Security Exercise)ဆောင်ရွက်စဉ် ရေကြောင်းသတိပေးချက်နှင့်လေကြောင်းသတိပေးချက်ထုတ်ပြန်ကြေညာခြင်း

၁။ ရေကြောင်းလုံခြုံရေးပင်လယ်ပြင်လေ့ကျင့်ခန်းအား ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်မှ ၁၄ ရက်ထိကာလအတွင်း ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းရေပြင်၌ ရေပြင်၊ ဝေဟင်၊ ရေအောက်လေ့ကျင့်ခန်းများနှင့်လက်နက်လေ့ကျင့်ပစ်ခတ်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လေ့ကျင့်ခန်းဧရိယာအဖြစ် Point A မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၀ မိနစ်၊ Point B မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၀ မိနစ်၊ Point C မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၀ မိနစ်၊ Point D မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၀ မိနစ် စသည့် Coordinates အမှတ်များဆက်ဆွဲထားသည့် ဧရိယာအား သတ်မှတ်ထားရှိပြီး ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်တို့အား ထုတ်ပြန်ကြေညာထားရှိပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ လေ့ကျင့်ခန်းဆောင်ရွက်စဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အဆိုပါဧရိယာမှ ၅ မိုင်ပတ်လည်အား သင်္ဘောကြီး/ငယ်များ၊ကုန်တင်/စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းမရှိစေရန်နှင့်လေယာဉ်၊ ရဟတ်ယာဉ်များအမြင့်ပေ ၁၅၀၀၀ (တစ်သောင်းငါးထောင်)အောက်ဖြတ်ကျော်ပျံသန်းခြင်းမပြုကြရန် အသိပေးကြေညာအပ်ပါသည်။

ရေကြောင်းသတိပေးချက်ထုတ်ပြန်မည့်ဧရိယာ





## အားကောင်းသော လေဖိအားနည်းရပ်ဝန်း ရခိုင်ကမ်းရိုးတန်းမြောက်ပိုင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းရိုးတန်းဒေသများသို့ ရောက်ရှိနိုင်

နေပြည်တော် နိုဝင်ဘာ ၄

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်း၊ မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းဒေသများတွင် ဖြစ်ပေါ်နေသောလေဖိအားနည်းရပ်ဝန်း (Low Pressure Area)သည် ပိုမိုအားကောင်းလာကာ အားကောင်းသောလေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area) အဖြစ်သို့ ရောက်ရှိခဲ့သည်။ အဆိုပါ အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နိုဝင်ဘာလ ၅ ရက်နေ့တွင် ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းမြောက်ပိုင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းရိုးတန်းဒေသများသို့ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)



❖ **ပြန်လည်တည်ဆောက်ခြင်းဟူသည်မှာ ပြန်လည်နာလန်ထူအောင် လုပ်ဆောင်ခြင်းသာမက ဘဲ အနာဂတ်တွင် လုံခြုံအာမခံမှုရှိသည့် နိုင်ငံတစ်နိုင်ငံကိုဖန်တီးတည်ဆောက်ခြင်းလည်း ဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေ ၃၀ ရက်နေ့တွင်ပြုလုပ်သော ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေးပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း သုံးသပ်ဆွေးနွေးပွဲ(Rebuilding Myanmar : Post Earthquake Economic Recovery)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E.Mr. Andrey AleksandrovichTravnikov ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ

## မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုဗိုစီဗစ်ဒေသတို့အကြား ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများ ခင်မင်ရင်းနှီးစွာအမြင်ချင်းဖလှယ်ဆွေးနွေး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E.Mr. Andrey Aleksandrovich Travnikov ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

နေပြည်တော် နိုဝင်ဘာ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E.Mr. Andrey Aleksandrovich Travnikov ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ဦးလွင်၊ ဦးချစ်ဆွေ၊ ဒေါက်တာချောချောစိန်နှင့်

စာမျက်နှာ ၆ ကော်လံ ၁ ⇨

### ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီနှင့် ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များဖော်ပြပါရှိ

နေပြည်တော် နိုဝင်ဘာ ၄

ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီနှင့် ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် မြဝတီသတင်းစာ စာမျက်နှာ(၂၃ နှင့် ၂၄)တို့တွင် ဖော်ပြပါရှိပါသည်။

မြဝတီ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုဗိုစီဗစ် “Chaldony” State Song and Dance Ensemble အဖွဲ့မှ ဂုဏ်ပြုဖျော်ဖြေသည့် ပဒေသာကပွဲသို့ တက်ရောက်ကြည့်ရှုအားပေး**

စာ - ၁၁ သို့

**မြန်မာနှင့်နိုဗိုစီဗစ်တို့ကြား ရင်းနှီးချစ်ကြည် မှန်းမျှော်ရည် မဟာမိတ်သမိုင်းတစ်ခေတ်ဆီ**

ဆောင်းပါး စာ - ၁၂ သို့